ကြေးမုံ

The Mirror

Established in 1957

၁၃၇၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၇ ရက်၊ အင်္ဂါနေ့ (24-12-2013) (၇၇၀၄)


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျပန်ဘုရင်မွေးနေ့ သဝဏ်လွှာများပေးပို့

**နေပြည်တော်  ဒီဇင်ဘာ  ၂၃**

၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်တွင် ကျရောက်သည့် ဂျပန်ဘုရင် အကီဟီတို၏ မွေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဂျပန်ဘုရင် အကီဟီတို ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၃ခုနှစ် ဒီဇင်ဘာ ၂၃ ရက်တွင် ကျရောက်သည့် ဂျပန်ဘုရင် အကီဟီတို၏ မွေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဂျပန်ဝန်ကြီးချုပ် မစ္စတာ ရှင်ဇိုအာဘေး ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အောင်မြင်ရေးအတွက် ကူညီထောက်ပံ့ပေးသည့်အဖွဲ့များအား နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော်  ဒီဇင်ဘာ  ၂၃

**(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအောင်မြင်ရေးအတွက် ကူညီထောက်ပံ့ပေးသည့်အဖွဲ့များအား နိုင်ငံတော်သမ္မတက တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ ညနေ ၅ နာရီခွဲတွင် နေပြည်တော် မြို့တော်ခန်းမရင်ပြင်၌ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်အားပေးနှုတ်ဆက်ပြီး မှတ်တမ်းတင်ဂုဏ်ပြုလွှာများပေးအပ်သည်။**

အဆိုပါအခမ်းအနားသို့ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ဒုတိယသမ္မတ ဦးညဏ်ထွန်း၊ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးမြသိန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အောင်မြင်ရေးအတွက် ကူညီထောက်ပံ့ရာတွင် ပါဝင်ခဲ့ကြသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတသည် ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာသော (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အောင်မြင်ရေးအတွက် ကူညီထောက်ပံ့ပေးခဲ့သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာသော (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အောင်မြင်ရေးအတွက် ကူညီထောက်ပံ့ပေးခဲ့သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။** (သတင်းစဉ်)




ကြေးမုံ စာ တည်း ရှု ထောင့် ၂၄-၁၂-၂၀၁၃၊ အင်္ဂါနေ့

# နားခိုရာ အဆောင်

တက္ကသိုလ်နေ ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝင်းအတွင်း၌ နားခိုရာအဆောင်မရှိခဲ့သောကွက်လပ်ကို ယခု ဒီမိုကရေစီ အစိုးရသစ်လက်ထက်တွင် ဖြည့်ဆည်းပေးတော့မည်ဖြစ်ရာ အဝေးမှ ပညာသင်တက္ကသိုလ် ကျောင်းသား ကျောင်းသူများ ဝမ်းမြောက်ကြပေလိမ့်မည်။

တက္ကသိုလ်အဆောင်ဆိုသည်မှာ ကျောင်းသား ကျောင်းသူများအတွက် လွယ်လင့်တကူပညာသင်ယူနိုင်ရုံမက အချင်းချင်းချစ်ခင်စည်းလုံးမှု၊ ကျောင်းတော်ကြီးအပေါ် ခင်တွယ်သံယောဇဉ်ထားရှိမှုနှင့် ဘက်စုံ ထူးချွန်ထက်မြက်မှုတို့ ဖြစ်ထွန်းနိုင်သည့် နေရာတစ်ခုဖြစ်သည်။

တစ်ချိန်သောကာလက ရန်ကုန်တက္ကသိုလ်တစ်ခုတွင်သာ တက္ကသိုလ်ကျောင်းသား ကျောင်းသူ အဆောင်များတည်ရှိခဲ့ပြီး လွတ်လပ်ရေးအကြို၊ လွတ်လပ်ပြီးစကာလများက အဆိုပါကျောင်းဆောင်များမှ နိုင်ငံနှင့်လူမျိုးအတွက် ထူးချွန်ထက်မြက်သော ထင်ရှားသည့်ပုဂ္ဂိုလ်များ ပေါ်ထွက်ခဲ့သည်ကို မြင်တွေ့ကြားသိရသည်။

၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် အကြောင်းအမျိုးမျိုးကြောင့် တက္ကသိုလ်အဆောင်စနစ်များ ကွယ်ပျောက်သွားခဲ့ရပြီး အဝေးမှ ပညာသင်ကြားသော ကျောင်းသား ကျောင်းသူများမှာ ပြင်ပအဆောင်များတွင် သင့်သလို တော်သလို နေထိုင်ခြင်းနှင့် အဝေးတစ်နေရာမှ ခက်ခဲစွာသွားလာ ကျောင်းတက်ခဲ့ရခြင်းများ ပြုလုပ်ခဲ့ရသည်။

ယခု တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် အဆောင်ထားရှိရန် နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်မှာကြားမှုအရ အဆိုပါကျောင်းအနီးတစ်ဝိုက်တွင် လုပ်ငန်းရှင်များအား လုပ်ငန်းအပ်နှံမှုစနစ်ဖြင့် ကျောင်းဆောင်များဆောက်လုပ်ပြီး နေထိုင်ရေးသာမက စားသောက်ရေးနှင့် စည်းကမ်းထိန်းသိမ်းရေးတို့ကိုပါ စီမံဆောင်ရွက်ပေးသွားမည်ဟု သိရသည်။

အဆိုပါအစီအစဉ်ကို ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှစတင်ပြီး တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များ၏ အဆောင်များတွင် စည်ပင်သာယာရေး နယ်နိမိတ်ပြင်ပနေ ပထမနှစ်ကျောင်းသားသစ်များကို စတင်လက်ခံထားရှိနေပြီဖြစ်သည်။ အဆောင်များတွင် လုံခြုံရေး၊ သန့်ရှင်းရေး၊ မီးဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို စီမံထားရှိပြီး အဆောင်လခမှာ တစ်လလျှင် ငွေကျပ် ၅၀၀၀ သာ ကောက်ခံ၍ စားသောက်ရေးအဆင်ပြေစေရန်အတွက်လည်း ညှိနှိုင်းစီစဉ်ဆောင်ရွက်ထားသည်။

ထိုမျှသာမက ကျောင်းသား ကျောင်းသူများ စိတ်ရွှင်လန်းအပန်းပြေ တက်ကြွလန်းဆန်းစေရန်အတွက် ကြိုဆိုနှုတ်ဆက်ပွဲများ၊ ညစာစားပွဲများ၊ စကားရည် လုပွဲများ၊ ပျော်ပွဲရွှင်ပွဲများ၊ အားကစားပွဲများကိုပါ စီစဉ်ထားရာ အဆောင်နေ ကျောင်းသား ကျောင်းသူများ၏ဘဝနှင့် အနေအထားများကို ပျော်ပျော်ရွှင်ရွှင်နှင့် စည်းကမ်းရှိရှိ ဖြစ်စေရန် ရည်ရွယ်ဆောင်ရွက်ပေးထားခြင်းဖြစ်သည်။

လက်ရှိတွင် ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်ပညာရေးတက္ကသိုလ်၊ စစ်ကိုင်းပညာရေးတက္ကသိုလ်တို့တွင် ပထမနှစ်မှ နောက်ဆုံးနှစ်အထိ စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ အခြားတက္ကသိုလ်၊ ကောလိပ်များတွင်လည်း ပထမနှစ်အပြင် အခြားတန်းများကိုပါ အဆောင်ပေးနိုင်ရေး စီစဉ်နေပြီဖြစ်သည်။ စစ်တွေတက္ကသိုလ်၊ ရတနာပုံတက္ကသိုလ်နှင့် စစ်ကိုင်းတက္ကသိုလ်တို့တွင် အဆောင်ပေးနိုင်ခြင်းမရှိသေးဘဲ လာမည့်စာသင်နှစ်ဝက်တွင် အဆောင်ပေးနိုင်အောင် စီစဉ်နေကြောင်းသိရသည်။

အဆောင်နေရေးအတွက် စည်ပင်သာယာရေးနယ်နိမိတ်ပြင်ပ ကျောင်းသားများကို ဦးစားပေးမည်ဖြစ်ပြီး မလုံလောက်ပါက တက္ကသိုလ်ဝင်တန်းအောင် ရမှတ်အနည်းအများဖြင့် စိစစ်ရွေးချယ်သွားမည်ဟု ဆိုထားရာ တက္ကသိုလ်ကျောင်းသား ကျောင်းသူများက မိမိတို့ရရှိမည့် အခွင့်အလမ်းများကို ရရှိနိုင်အောင်နှင့် တက္ကသိုလ်အဆောင်နေကျောင်းသားဘဝဟူသည့် ကျေနပ်ပီတိဖြစ်ဖွယ်ရှိသည့် အနေအထားကောင်းများကို ပြန်လည်ရရှိအောင် သတ်မှတ်ထားသော စည်းကမ်းများနှင့်အညီ လိုက်နာကျင့်ကြံနေထိုင်သွားကြရန် တိုက်တွန်းအပ်ပါသည်။ ။

## ကလောနှင့်အင်းလေးဒေသ ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေး ချောင်းသာကမ်းခြေဒေသရှိ ဟိုတယ်လုပ်ငန်းရှင်များနှင့်တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၂၃**

ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ရွှေသည် ဒီဇင်ဘာ ၁၉ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ရုံး၌ ကျင်းပသည့် IID( INSTITUTE FOR INTERNATIONAL DEVELOPMENT) နှင့် ICIMOD (INTERNATION CENTRE FORINTEGRATE MOVNTAIN DEVELOPMENT)တို့ ပူးပေါင်းလေ့လာသည့် ကလောနှင့် အင်းလေးဒေသရှိ တောင်တန်းကြီးများနှင့် နီးနွယ်ပြီး ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန်အတွက် လေ့လာသည့် စာတမ်းဖတ်ပွဲသို့ တက်ရောက်ခဲ့ပြီး နိုင်ငံတော်၏ ခရီးသွားလုပ်ငန်းကို အကျိုးပြုသော လေ့လာမှုများဖြစ်သဖြင့် အမြန်ဆုံးအကောင်အထည်ဖော်နိုင်ရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ခရီးသွားလုပ်ငန်းရှင်များ အသင်း၊ ဧည့်လမ်းညွှန်များအသင်းနှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများကလည်း အပြုသဘောဖြင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးအတွက် ဆွေးနွေးကြသည်။

ဒုတိယဝန်ကြီးသည် ဒီဇင်ဘာ ၂၁ ရက်တွင် ချောင်းသာကမ်းခြေ၌ ဟိုတယ်လုပ်ငန်းရှင်များနှင့် လိုင်လိုင်းဟိုတယ်၌ နံနက်ပိုင်းတွင်တွေ့ဆုံပြီး ချောင်းသာကမ်းခြေဒေသ၏ ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးအတွက် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် ပူးပေါင်းဆောင်ရွက်သွားရန်လည်းကောင်း၊ ဒေသခံပြည်သူများ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ကိုလည်း စောင့်ရှောက်ရန်လည်းကောင်း လိုအပ်နေသော လျှပ်စစ်စွမ်းအင်ပြည့်ဝစွာရရှိရေးနှင့် ဆက်သွယ်ရေးတိုးတက်ကောင်းမွန်စေရန် Delivery Unit အနေဖြင့် ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ထိုအခမ်းအနားသို့ ချောင်းသာဟိုတယ်ဇုန် လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးကျော်ခိုင်၊ အတွင်းရေးမှူး ဦးမင်းကျော်ဦးနှင့် ဟိုတယ်လုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂၄-၁၂-၂၀၁၃ (အင်္ဂါနေ့)

| | |
|---|---|
| ၅း၄၀ | "အမြင်မှန်နှင့်အဖြေမှန်" တရားတော်(အောင်ခေမာဆရာတော်ဘဒ္ဒန္တခေမာစာရ) |
| ၆း၂၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ချစ်သမီးလေး" (အပိုင်း-၄၉) |
| ၇း၁၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "ပန်းနုသွေး" (အပိုင်း-၃၁) |
| ၈း၄၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲသွားသောနှလုံးသား" (အပိုင်း-၃၂) |
| ၉း၂၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ရွှေဖူးစာလေးတဝဲလည်" (အပိုင်း-၂) |



## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဒီဇင်ဘာ ၂၃**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၄၄၆၀၀ | - | ၆၄၅၆၀၀ |
| မန္တလေး | ရွှေဈေး | ၆၄၄၂၀၀ | - | ၆၄၅၂၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | |
|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၉၃၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၁၀၉၀ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၉၁၀ ကျပ် |
| (ဃ) ဓာတ်ဆီ | တစ်လီတာ | ၈၁၄ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | |
|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = ၉၈၄. ၀၀ |
| (ခ) ဥရောပ | တစ်ယူရို | = ၁၃၄၇. ၄ |
| (ဂ) တရုတ် | တစ်ယွမ် | = ၁၆၂. ၀၇ |
| (ဃ) ထိုင်း | တစ်ဘတ် | = ၃၀. ၁၇၉ |
| (င) မလေးရှား | တစ်ရင်းဂစ် | = ၂၉၉. ၀၄ |
| (စ) အိန္ဒိယ | တစ်ရူပီး | = ၁၅. ၈၆၇ |
| (ဆ) ဂျပန် | တစ်ရာယန်း | = ၉၄၅. ၆၅ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၂. ၆၅၁ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = ၈၇၈. ၈၅ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = ၇၇၆. ၅၅ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း










# နိုင်ငံတော်သမ္မတ၏ ဂုဏ်ပြုနှုတ်ခွန်းဆက်အမှာစကား

နေပြည်တော် ဒီဇင်ဘာ ၂၃

**ယနေ့ညနေပိုင်းက နေပြည်တော်မြို့တော်ခန်းမရင်ပြင်၌ ကျင်းပပြုလုပ်သည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အောင်မြင်ရေးအတွက် ကူညီထောက်ပံ့ပေးသည့်အဖွဲ့များအား တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲအခမ်းအနား၌ ဗီဒီယိုရုပ်သံဖြင့် ထုတ်လွှင့်ပြသခဲ့သည့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ဂုဏ်ပြုနှုတ်ခွန်းဆက်အမှာစကားအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-**

**ချစ်ခင်လေးစားရပါသော လူငယ်မောင်မယ်များခင်ဗျား-**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးကို အောင်မြင်စွာကျင်းပပြီးစီးခဲ့ပြီဖြစ်ပါတယ်။ ဒီအားကစားပွဲတော်ကြီးဟာ ၄၄ နှစ်ကြာမှ မြန်မာနိုင်ငံမှာ ပြန်လည်ကျင်းပနိုင်ခွင့်ရရှိခဲ့ခြင်းဖြစ်ပါတယ်။

ယခင်က အကြောင်းအမျိုးမျိုးကြောင့် ကျင်းပနိုင်ခြင်းမရှိရာကနေ ယခုအချိန်မှ ပြန်လည်ကျင်းပနိုင်ခွင့်ရရှိခဲ့တဲ့အတွက် မြန်မာနိုင်ငံအနေနဲ့ အခွင့်အရေးလေးခုရရှိခဲ့ပါတယ်။ ပထမအခွင့်အရေးကတော့ ယခုကဲ့သို့ နိုင်ငံတကာအားကစားပြိုင်ပွဲကြီးကို မြန်မာနိုင်ငံအနေဖြင့် ကျင်းပနိုင်စွမ်းရှိပါ့မလားလို့ ပြည်တွင်းပြည်ပမှ သံသယရှိနေသူတွေကို မြန်မာနိုင်ငံတော်နှင့် နိုင်ငံသားတို့အနေဖြင့် လုပ်ဆောင်နိုင်စွမ်းရှိတယ်ဆိုတာကို ပြသနိုင်တဲ့အခွင့်အရေးပဲဖြစ်ပါတယ်။

ဒုတိယအခွင့်အရေးကတော့ မြန်မာအားကစားသမားများရဲ့ စိတ်ဓာတ်၊ စွမ်းရည်၊ သန့်ရှင်းစွာယှဉ်ပြိုင်မှု၊ ရဲစွမ်းသတ္တိရှိမှုတို့ကို ပြသနိုင်တဲ့အခွင့်အရေးပဲဖြစ်ပါတယ်။ တတိယအနေဖြင့် နိုင်ငံတကာမှ အားကစားသမားများ၊ လာရောက်လေ့လာကြည့်ရှုသူများကို မြန်မာလူမျိုးများ၏ ယဉ်ကျေးသိမ်မွေ့မှု၊ ဖော်ရွေမှု၊ ကူညီစောင့်ရှောက်မှု၊ ကိုယ်ကျင့်တရားမြင့်မားမှုများကို ပြသနိုင်တဲ့အခွင့်အရေးပဲဖြစ်ပါတယ်။ နောက်ဆုံးအခွင့်အရေးကတော့ နိုင်ငံခြားသားများအနေဖြင့် အားကစားပြိုင်ပွဲများသာမက မြန်မာနိုင်ငံ၏အခြားစိတ်ဝင်စားစရာနေရာများကိုပါ လေ့လာခွင့်ရရှိသွားတဲ့အတွက် နိုင်ငံနှင့်လူမျိုး၏ပုံရိပ်ကို မြှင့်တင်နိုင်တဲ့အခွင့်အရေးပဲဖြစ်ပါတယ်။

အရှေ့တောင်အာရှအားကစားပွဲတော်ကြီးမှာ နိုင်ငံအသီးသီးက အားကစားမောင်မယ်များ၊ ဧည့်သည်တော်များ၊ နိုင်ငံတကာနဲ့ ပြည်တွင်းက မီဒီယာသမားအမြောက်အမြားပါဝင်ဆင်နွှဲခဲ့ကြပါတယ်။

ဒီဧည့်သည်တော်များကို မြန်မာနိုင်ငံရဲ့ ယဉ်ကျေးသိမ်မွေ့မှု၊ ဖော်ရွေမှု၊ ကူညီစောင့်ရှောက်မှု၊ ကိုယ်ကျင့်တရားမြင့်မားမှုများကို ပြသနိုင်ရေး၊ မြန်မာနိုင်ငံအနေနဲ့ လုပ်နိုင်စွမ်းရှိတယ်ဆိုတာကို ပြသနိုင်ရေးဟာ အားကစားပြိုင်ပွဲများမှာ မြန်မာအားကစားမောင်မယ်များ အနိုင်ရရှိရေးလိုပဲ အရေးကြီးလှပါတယ်။ အဲဒီတာဝန်ကို ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားများမှာ ပါဝင်ဖျော်ဖြေခဲ့ကြတဲ့ မောင်မယ်များ၊ ဆက်သွယ်ဆက်ဆံရေးအရာရှိများ၊ စေတနာ့ဝန်ထမ်းများ၊ လုပ်အားပေးလူငယ်များက တာဝန်ယူဆောင်ရွက်ခဲ့ကြတာဖြစ်ပါတယ်။

မောင်တို့မယ်တို့ဟာ ဒီတာဝန်များကို မိမိတို့ဆန္ဒအလျောက် တာဝန်ယူဆောင်ရွက်ခဲ့ကြတာဖြစ်ပါတယ်။ စေတနာ့ဝန်ထမ်းတာဝန်ထမ်းဆောင်သူဆိုတာဟာ အကျိုးအမြတ်၊ အခွင့်အရေး တစ်စုံတစ်ရာကို ရည်ရွယ်ခြင်းမရှိဘဲ အများအကျိုး၊ နိုင်ငံ့အကျိုးအတွက် မိမိတတ်စွမ်းသမျှ ကူညီဖြည့်ဆည်းပေးသူပဲဖြစ်ပါတယ်။ ဒါကြောင့်လည်း ဒီတာဝန်ကို ထမ်းဆောင်ခဲ့ကြတဲ့အခါမှာ မောင်တို့မယ်တို့ဟာ မိမိတို့နှလုံးသားထဲမှာ နိုင်ငံ့ဂုဏ်သိက္ခာမြင့်မားစေဖို့အတွက် အစွမ်းကုန်ကြိုးစားမယ်ဆိုတဲ့စိတ်ဓာတ်နဲ့ ပျော်ရွှင်တက်ကြွစွာ ထမ်းဆောင်ခဲ့ကြတာကို တွေ့ခဲ့ရပါတယ်။ ပြိုင်ပွဲကာလတစ်လျှောက်လုံးမှာ ကြုံတွေ့ခဲ့ရတဲ့ အခက်အခဲများ၊ အဆင်မပြေမှုများကိုလည်း နားလည်သည်းခံခွင့်လွှတ်တဲ့စိတ်ထားနဲ့ ရင်ဆိုင်ကျော်လွှားခဲ့ကြပါတယ်။ နိုင်ငံရဲ့ နေရာဒေသအသီးသီးက ရောက်ရှိလာကြတဲ့ တိုင်းရင်းသားမောင်မယ်များဟာ အရှေ့တောင်အာရှအားကစားပွဲတော်ကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုစိတ်ဓာတ်နဲ့ လက်တွဲပူးပေါင်းဆောင်ရွက်နိုင်ခဲ့တာဟာ ဂုဏ်ယူစရာ ဖြစ်ပါတယ်။

မောင်တို့မယ်တို့လိုပဲ ပြိုင်ပွဲဦးစီးကော်မတီများ၊ အထောက်အကူပြုအဖွဲ့များ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ တပ်မတော်နဲ့ ရဲတပ်ဖွဲ့မှ အရာရှိစစ်သည်များ၊ ဂီတအနုပညာရှင်များ၊ အတတ်ပညာရှင်များဟာလည်း (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပွဲတော်ကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အင်တိုက်အားတိုက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ခဲ့ကြပါတယ်။

ဒါကြောင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပွဲတော်ကြီး အောင်မြင်စွာကျင်းပနိုင်ခြင်းဟာ မြန်မာပြည်သူအားလုံးရဲ့ အောင်ပွဲပဲ ဖြစ်ပါတယ်။ ဒီအောင်ပွဲကို မောင်တို့မယ်တို့ အပါအဝင် ပြည်သူအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ စစ်မှန်တဲ့ မျိုးချစ်စိတ်ဓာတ်နဲ့ ရယူပေးခဲ့ကြတာဖြစ်ပါတယ်။

ဒီကနေ့ မြန်မာနိုင်ငံတော်သစ်ကို တည်ဆောက်နေတဲ့ အသွင်ကူးပြောင်းစ ဒီမိုကရေစီလမ်းခရီးမှာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို အရေးတကြီး တည်ဆောက်နေရတဲ့အချိန်ဖြစ်ပါတယ်။ ဒီလိုအချိန်ကာလမှာ အခုလိုလူ့အဖွဲ့အစည်းအသီးသီး၊ လူထုလူတန်းစားအလွှာအသီးသီးက အမျိုးသားရေး တာဝန်တစ်ရပ်ကို အောင်အောင်မြင်မြင် ပူးပေါင်းအကောင်အထည်ဖော်နိုင်ခဲ့တာဟာ ရှေ့ဆက်မယ့် ခရီးလမ်းအတွက် ခွန်အားသစ်တွေ ဖြစ်ထွန်းစေပါတယ်။ ဒီလိုသာ အမျိုးသားညီညွတ်ရေးကို တည်ဆောက်နိုင်မယ်ဆိုရင် ငြိမ်းချမ်းသာယာဝပြောတဲ့ ခေတ်တစ်ခေတ်ကို တည်ဆောက်နိုင်မှာ သေချာပါတယ်။

ဒါကြောင့် မောင်တို့မယ်တို့အနေနဲ့ အရှေ့တောင်အာရှ အားကစားပွဲတော်ကြီးကရရှိလာတဲ့ စိတ်ဓာတ်များ၊ အတွေ့အကြုံများကို နိုင်ငံတည်ဆောက်ရေးအတွက် ဆက်လက်အသုံးပြုသွားဖို့ တိုက်တွန်းအပ်ပါတယ်။

မောင်တို့ မယ်တို့အားလုံး ကျန်းမာပျော်ရွှင်အောင်မြင်နိုင်ကြပါစေ။

## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဂျပန်ဘုရင်မွေးနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် ဒီဇင်ဘာ ၂၃**

၂၀၁၃ခုနှစ် ဒီဇင်ဘာ ၂၃ ရက်တွင် ကျရောက်သည့် ဂျပန်ဘုရင် အကီဟီတို၏ မွေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဖူမီရို ကီရှိဒ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၄-၁၂-၂၀၁၃ (အင်္ဂါနေ့)

| | |
|---|---|
| ၆း၀၀ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၆း၂၅ | သက်ရှည်ကျန်းမာလေ့ကျင့်ပါ |
| ၆း၃၅ | ကြေးမုံရိပ်သွင်တေးနုယဉ် |
| ၆း၄၅ | "ကြည်ညိုဖူးမြော်ဖွယ်ရာ မျက်နှာသစ်တော်မင်္ဂလာ" |
| ၇း၃၀ | ပြည်သူတို့ရဲ့စကားသံများ |
| ၁၁း၄၀ | အတီးပြိုင်ပွဲ |
| ၂း၀၀ | တေးဂီတအစီအစဉ် |
| ၂း၂၀ | မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့ |
| ၄း၃၀ | အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (စီးပွားရေးပညာ၊ စီးပွားစီမံ အထူးပြုများ) (စီးပွားရေးပညာ) |
| ၄း၄၅ | "အေးချမ်းလှပ သွေးချင်းတို့ရဲ့နာဂဒေသ" |
| ၆း၃၀ | ပြည်သူ့နီတိ "ဝန်" (ထွန်းထွန်းဝင်း၊ ထက်နဒီ၊ ပန်းသော်တာ၊ ကျော်ဇေသော်) (ဒါရိုက်တာ-မိုးဇော်ကို) |
| ၇း၂၀ | "မိခင်နဲ့ရင်သွေး ကျန်းမာရေးအတွက် တို့ဆောင်ရွက်" |
| ၈း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသသတင်း |
| ၈း၄၀ | ကြယ်ပွင့်များရဲ့ အထင်ကရတေးများ "ဆိုလိုက်ကြစို့" |

## ထန်ပါခွေမြို့နယ်ခွဲ မခွာလယ်-မကြောင်းပါ-ပါနွမ်း ကျေးရွာချင်းဆက်လမ်းဖွင့်

**ထန်ပါခွေ ဒီဇင်ဘာ ၂၃**

နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ် ထန်ပါခွေမြို့နယ်ခွဲ အတွင်းရှိ မခွာလယ်အုပ်စု မခွာလယ်-မကြောင်းပါ-ပါနွမ်းကျေးရွာချင်း ဆက်လမ်း ၁၀ မိုင်ကို အောင်သီရိ ရန်ပုံငွေ(နာဂဒေသ)အစီအစဉ်ဖြင့် ဒေသခံပြည်သူများ ပူးပေါင်းပါဝင် ဆောင်ရွက်မှုဖြင့် အောင်မြင်စွာ ဖောက်လုပ်ပြီးစီးသဖြင့် ဒီဇင်ဘာ ၁၅ ရက်က မြို့နယ်ခွဲအုပ်ချုပ်ရေးမှူး ဦးအောင်ချမ်း၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးနော်ကြူးနှင့် ရပ်မိရပ်ဖ ဦးကူယက်မြူ တို့က ဖွင့်လှစ်ပေးကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

## (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသူများကို ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ ကျေးဇူးတင်နှုတ်ဆက်အမှာစကားပြောကြား





**နေပြည်တော် ဒီဇင်ဘာ ၂၃**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသူများအား ကျေးဇူးတင်နှုတ်ဆက်အမှာစကားပြောကြားခြင်းအစီအစဉ်ကို ယနေ့နံနက် ၉ နာရီတွင် အမှတ်(၇) တည်းခိုရေးစခန်း (ရွာတော်) စုပေါင်းလေ့ကျင့်ရေးကွင်း၌ ကျင်းပရာ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင်လေ့ကျင့်ရေး ကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ တက်ရောက်၍ ကျေးဇူးတင်နှုတ်ဆက်အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

အဆိုပါအစီအစဉ်သို့ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားကျင်းပရေး ကော်မတီ အတွင်းရေးမှူး ဦးရန်နိုင်ဦးနှင့် ကော်မတီ၊ ဆပ်ကော်မတီနှင့် လုပ်ငန်းအဖွဲ့အသီးသီးမှ တာဝန်ရှိသူများ၊ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား ဖျော်ဖြေရေးအဖွဲ့ဝင်များ၊ တေးသံရှင်များ၊ အစီအစဉ်တင်ဆက်သူနှင့် အစီအစဉ်ကြေညာသူများ၊ ဆိုင်းဘုတ်ကိုင်အမျိုးသမီးငယ်များ စုစုပေါင်း အင်အား ၈၀၀၀ ကျော် တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ငွေရေးကြေးရေးအဖွဲ့အစည်းများ ကြီးကြပ်ရေး မြန်မာ-ဂျပန် ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၂၃**

ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းသည် ဒီဇင်ဘာ ၁၈ ရက်တွင် ဂျပန်နိုင်ငံ တိုကျိုမြို့၌ ဂျပန်နိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာဖူရူဆာဝါနှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံက အာဆီယံဥက္ကဋ္ဌအဖြစ် ဆောင်ရွက်မည့် ၂၀၁၄ ခုနှစ်တွင် အာဆီယံ ဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေး၊ အာဆီယံဒုတိယ ဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးနှင့် အာဆီယံ+၃ အစည်းအဝေးများ ကျင်းပရေးအတွက် ဆွေးနွေးခဲ့သည်။

အလားတူ ဂျပန်နိုင်ငံက ငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်း ကြီးကြပ်ရေးဌာန (FSA)မှ ကော်မရှင်နာ မစ္စတာ ဟာတာနာကာနှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံ၌ ငွေရေးကြေးရေးအဖွဲ့အစည်းများ ကြီးကြပ်ရေးကို အထောက်အကူပြုရန် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် နားလည်မှု စာချွန်လွှာရေးထိုးရေးနှင့် ငွေရေးကြေးရေး ဝန်ဆောင်မှု လုပ်ငန်းများကြီးကြပ်ရေးကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။

ဒုတိယဝန်ကြီးသည် မြန်မာနိုင်ငံ ပုဂ္ဂလိကအာမခံ ကုမ္ပဏီများမှ အမှုဆောင် အရာရှိများနှင့်အတူ ဂျပန်နိုင်ငံ အထွေထွေအာမခံလုပ်ငန်း အသင်းချုပ်၊ ဂျပန်နိုင်ငံရှိ ထိပ်တန်း အာမခံကုမ္ပဏီများမှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့်တွေ့ဆုံ၍ ဒီဇင်ဘာ ၁၆ ရက်မှ ၁၉ ရက်အထိ အာမခံလုပ်ငန်းများကို လေ့လာပြီး ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**❒ ကျောဖုံးမှ**

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကနှင့် မြန်မာလွှတ်တော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ကမ္ဘောဒီးယားနိုင်ငံဘုရင် His Majesty Preah Karona Preah Bat Samdech Baromneath Norodom Sihamoni က တွေ့ဆုံနှုတ်ဆက်သည်။ ထို့နောက် ကမ္ဘောဒီးယားနိုင်ငံ ဘုရင့်နန်းတော် အထူးဧည့်သည်တော်များ ဧည့်ခန်းမဆောင်၌ ပြည်ထောင်စုလွှတ်တော် နာယကနှင့် ကမ္ဘောဒီးယားနိုင်ငံ ဘုရင်တို့သည် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မြဲရေးဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးပြုပြင်ပြောင်းလဲမှု ဆောင်ရွက်ခဲ့မှုအခြေအနေများ၊ နှစ်နိုင်ငံလွှတ်တော်အချင်းချင်း၊ အစိုးရအချင်းချင်း၊ ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီး အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ **(ယာပုံ)**

ပြည်ထောင်စုလွှတ်တော်နာယကနှင့်အဖွဲ့သည် ဒီဇင်ဘာ ၂၀ ရက် ညနေ ၃ နာရီတွင် ကမ္ဘောဒီးယားနိုင်ငံ ဘုရင့်နန်းတော်သို့ ရောက်ရှိပြီး ဘုရင့်နန်းတော်အတွင်း လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြသည်။

ဒီဇင်ဘာ ၂၁ ရက် မွန်းတည့် ၁၂ နာရီတွင် ပြည်ထောင်စုလွှတ်တော်နာယကနှင့်အဖွဲ့အား နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး၊ သတင်း၊ မီဒီယာနှင့် နိုင်ငံခြားရေးရာကော်မရှင်ဥက္ကဋ္ဌ H.E. Mr. Chheang Vun က Sokha Club ဟိုတယ်၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ **(သတင်းစဉ်)**



# မြေပဲအထွက်နှုန်းကောင်းသော်လည်း ရောင်းဈေးနိမ့်၍ ကုန်းတောင်သူများအရှုံးပေါ်

**ညောင်ဦး ဒီဇင်ဘာ ၂၃**

ယခုနှစ် ပွင့်လင်းရာသီမြေပဲပေါ်ချိန်တွင် ပင်ပြန့်ပဲကြီးခေါ် ခြောက်လ မြေပဲ အထွက်နှုန်း ကောင်းသော်လည်း ပြည်ပပို့ကုန် ဝယ်လက်ဈေးမရှိ၍ မြေပဲတောင့်၊ မြေပဲဆန်ဈေးများ ကျဆင်းပြီး ယာမြေပိုင်ရှင် ကုန်းတောင်သူများ အရှုံးပေါ်ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ညောင်ဦးမြို့နယ် ကမ္ဘာနီကျေးရွာသည် ညောင်ဦးမြို့နှင့် ခြောက်မိုင်ခန့်ဝေးပြီး အိမ်ထောင်စု ၉၀ ခန့် နေထိုင်ကာ မိရိုးဖလာ တောင်သူလုပ်ငန်းနှင့် မြေပဲ၊ နှမ်း၊ ပဲတီစိမ်း၊ ပဲစင်းငုံ စသည့် သီးနှံများ စိုက်ပျိုးလုပ်ကိုင်စားသောက်ကြသော ယာမြေပိုင် ကုန်းတောင်သူများဖြစ်ကြသည်။

ပင်ပြန့်ပဲကြီးခေါ် ခြောက်လ မြေပဲကို ကဆုန်၊ နယုန်လများတွင် ထွန်ယက်၍ တစ်တန်းနှင့်တစ်တန်း ၁၈ လက်မခန့်ခြား ကြဲပက်စိုက်ပျိုးကြပြီး ၁၅/၂၀ ရက်ခန့်တွင် ပထမအကြိမ် ကြားပေါင်းသတ်၍ (ပေါင်းသင်၊ ပေါင်းသတ်၊ ပေါင်းနုတ်)တစ်လကျော်ခန့်အကြာ ဝါခေါင်လတွင် ဒုတိယအကြိမ် ကြားပေါင်းသတ်ပြီး မြေဆီ၊ မြေဩဇာကျွေး၍ စတင်စိုက်ပျိုးရက်နှင့် ရာသီဥတုပေါ်မူတည်ပြီး သီတင်းကျွတ်၊ တန်ဆောင်မုန်းလများတွင် မြေပဲပင်များ ဖော်နုတ်ကြသည်။

ယခုနှစ် စိုက်ပျိုးစရိတ်မှာမျိုးမြေပဲဆန်ဈေး တစ်တင်းလျှင် ၃၅၀၀၀ ကျပ်ဈေးရှိပြီး မြေပဲတစ်ဧကလျှင် ပဲဆန်တစ်တင်းခွဲနှုန်းစိုက်၍ မြေပဲအထွက်နှုန်းမှာမြေပဲဆန်တစ်တင်းလျှင် မြေပဲတောင့် တင်း ၂၀ ထွက်သည်။ ထွန်ခ၊ ထယ်ထိုးခ၊ မြေဆီဝယ်ထည့်ခ၊ မြေပဲပင်နုတ်ဖော်၍ ပဲဆွတ်ခ၊ ပဲပြာတီးခနှင့် သယ်ယူစရိတ်များပေါင်းပြီး တွက်ကြည့်လျှင် အရှုံးပေါ်ကြောင်း၊ လုပ်အားခအနေဖြင့်လည်း မြေပဲပင်နုတ်ဖော်ခလူတစ်ဦး တစ်နေ့ ၄၀၀၀ ကျပ်၊ ပဲဆွတ်ခ တစ်တင်း ၆၀၀ကျပ်၊ ရွာမှ ညောင်ဦးသို့ သယ်ယူစရိတ် တစ်ပိဿာ ၁၀ ကျပ်နှုန်းရှိပြီး ဧက အကျယ်အဝန်းအလိုက် အလုပ်သမားငှားစရိတ် ပိုမိုကုန်ကျကြောင်း၊ ယခုနှစ်တွင် မြေပဲအထွက်နှုန်းကောင်းသော်လည်း ရောင်းဈေးမှာ မြေပဲတောင့် တစ်တင်းလျှင် ၆၄၀၀/ ၆၅၀၀ ကျပ်နှင့် မြေပဲဆန်တစ်ပိဿာလျှင် ၁၄၂၀ ကျပ် ရောင်းရပြီး ယမန်နှစ်က ရောင်းဈေး (မြေပဲတောင့်တစ်တင်း ၆၉၀၀/ ၇၀၀၀ ကျပ်နှင့် ပဲဆန်တစ်ပိဿာ ၁၇၀၀ ကျပ်)ထက် နိမ့်ကျပြီး အိမ်တွင် မျိုးချန်မြေပဲဆန်ရှိသူများနှင့် အိမ်ရှိလူလုပ်အားခ ကုန်ကျစရိတ်သက်သာမှုရှိ၍ အရှုံးအပေါ်ဘဲ လုပ်အားခသာကျန်သော်လည်း မြေပဲမျိုးဆန်ဝယ်ယူစိုက်ပျိုးပြီး အလုပ်သမားငှား၍ လုပ်ကိုင်ရသော တောင်သူများမှာ တွက်ခြေမကိုက်၍ အရှုံးပေါ်ကြောင်း မြေပဲ ၁၅ ဧကစိုက် ယာမြေပိုင်ရှင် ရွာသားတစ်ဦးက ပြောပြသည်။

**(၅၇၁)**



# သုတရိပ်မြုံစာကြည့်တိုက်သို့ စာအုပ်များလှူဒါန်း

**ဂန့်ဂေါ ဒီဇင်ဘာ ၂၃**

ဂန့်ဂေါမြို့နယ် အနောက်ဂန့်ဂေါကျေးရွာ သုတရိပ်မြုံစာကြည့်တိုက်သို့ စာအုပ်များပေးအပ်လှူဒါန်းပွဲကို ဒီဇင်ဘာ ၂၂ ရက်က စွယ်တော်ရှင်စေတီတော် အာရုံခံတန်ဆောင်း၌ ကျင်းပရာ ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်သန်းက အမှာစကားပြောကြားသည်။

လှူဒါန်းပွဲတွင် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် နဘူးကျင်းကျေးရွာ ရန်ကင်းတောရဆရာတော် ဘဒ္ဒန္တ ဇာဂရိယထံမှ ပေးပို့လှူဒါန်းသည့် သုတ ရသစာအုပ်များ ၃၈အုပ်နှင့် ဂျာနယ်ပေါင်းစုံ ၃၀၀ ကျော်တို့ကို ဦးနိုင်လင်းကျော်ကလည်းကောင်း၊ ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အေးအေးက သုတ ရသစာအုပ် ၁၀ အုပ်၊ မဂ္ဂဇင်း၊ ဂျာနယ် ၅၀ တို့ကိုလည်းကောင်း သုတရိပ်မြုံ စာကြည့်တိုက်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးမြင့်ကိုထံသို့ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိသည် အဆိုပါစာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးပြီး စာကြည့်တိုက်ရေရှည်ရှင်သန်ဖွံ့ဖြိုးရေးအတွက် စာကြည့်တိုက်ကော်မတီဝင်များနှင့် တွေ့ဆုံ၍ လုပ်ငန်းလိုအပ်သည်များကို ဆွေးနွေးဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

**(၄၆၅)**














# မြန်မာအမျိုးသမီးများ၏ ယဉ်ကျေးသိမ်မွေ့လှသော ဝတ်စားဆင်ယင်မှု

ဦးမာယိန္ဒ(M.A အိန္ဒိယ)

**ဒါယကာကြီး၊ ဒါယိကာမကြီးတို့**

ဆရာတော်အနေနဲ့ လောကုတ္တရာဘက်မှာ မွေ့လျော်လိုသော်လည်း လူ့အဖွဲ့အစည်းကြီးအတွင်းမှာ နေထိုင်ကျင့်ကြံနေရတဲ့အတွက် ပုထုဇဉ်လူသားတွေရဲ့ အပူမီးတွေကလည်း ဆရာတော်တို့ဆီ လာဟပ်နေတာကို အနည်းနဲ့အများတော့ ခံနေရတာပါပဲ။ အဲဒီတော့ ဆရာတော်တို့မှာ ပုထုဇဉ်လူသားတွေရဲ့ ဒုက္ခတွေကို တတ်နိုင်သလောက် ဖြေရှင်းပေးရတာပဲ။ ခုနစ်ရက်သားသမီးတွေထဲမှာ ကယ်သင့်ကယ်ထိုက်တဲ့သူတွေကို ကယ်တင်ရမှာက ဆရာတော်တို့လို သာသနာပြုပုဂ္ဂိုလ်တွေအနေနဲ့ မလွဲမသွေလုပ်ဆောင်သွားရမယ့်ကိစ္စပဲ ဖြစ်ပါတယ်။ အဓိကကတော့ သာသနာတော် မညှိုးနွမ်းရလေအောင်၊ မဆုတ်ယုတ်ရလေအောင်၊ အဓွန့်ရှည်တည်တံ့ခိုင်မြဲအောင်နဲ့ ဗုဒ္ဓဘာသာဝင်များအနေနဲ့ ဗုဒ္ဓတရားတော် အဆုံးအမတွေနဲ့ နေတတ်၊ ထိုင်တတ်၊ ပြောတတ်၊ ဆိုတတ်၊ ကျင့်ကြံတတ်အောင်ပဲ ဖြစ်ပါတယ်။ ဒါမှသာ လူ့အဖွဲ့အစည်းကြီးက သာယာချမ်းမြေ့နေမှာပေါ့။ အခုလည်း ဆရာတော်အနေနဲ့ လောကီရေးရာမှာ ဝင်ပြီး မစွက်ဖက်လိုပေမယ့် အမြင်မတော်တာတွေများနေလို့ ဗုဒ္ဓသားတော်တစ်ပါးအနေနဲ့ မပြောချင်သော်လည်း မပြောမဖြစ်လို့ ပြောရဦးမယ်။ ကနေ့ ဆရာတော်တို့ လမ်းပေါ်မှာ၊ အများမြင်ကွင်းပေါ်မှာ မြန်မာ့ယဉ်ကျေးမှုနဲ့ မကိုက်ညီတဲ့ ဝတ်စားဆင်ယင်မှုတွေ၊ ပြောဆိုမှုတွေ တစ်နေ့တခြား များများနေတာကို တွေ့ရတော့ လူမှုအဖွဲ့အစည်းကြီးအတွက် ရင်လေးလို့ တစ်နည်းအားဖြင့် အိမ်ထောင်စုတစ်စု၊ မိသားတစ်စုရှေ့ရေးအတွက် ပူပန်လို့ ပြောလိုက်ပါဦးမယ်။ ဒီမှာ အားလုံးသိဖို့ လိုအပ်တဲ့ မြန်မာ့ယဉ်ကျေးမှုအကြောင်းလေးကို စပြီးပြောပြမှသာ မြန်မာ့ယဉ်ကျေးမှုကို သိရှိနားလည်ပြီး လက်ခံလိုက်နာကျင့်သုံးကြဖို့ ကြိုးစားနိုင်မှာပါ။

ဆရာတော်တို့ နေထိုင်ကြတဲ့ မြန်မာနိုင်ငံရဲ့ မြန်မာ့ယဉ်ကျေးမှုဟာ သမိုင်းမတင်မီ ရှေးနှစ်ပေါင်းများစွာကတည်းက စတင်ဖြစ်ပေါ်ထွန်းကားခဲ့ပြီးတော့ ခေတ်အဆက်ဆက်၊ ရာစုအဆက်ဆက် ပြောင်းလဲထွန်းကားခဲ့ပါတယ်။ မြန်မာ့ယဉ်ကျေးမှုရဲ့ သမိုင်းကြောင်းဟာလည်း ရှည်လျားစွာ တည်ရှိပါတယ်။ မြန်မာလူမျိုးတို့ဟာ ရှေးပဝေသဏီကပင် နယ်နိမိတ်ရှိပြီး ကိုယ်ပိုင်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်မှု၊ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်ဘာသာစကားတို့ဖြင့် နေထိုင်လာခဲ့ကြပါတယ်။ ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်မှ စတင်ပြီး ပျူခေတ်၊ ပုဂံခေတ်၊ ပင်းယခေတ်၊ အင်းဝခေတ်၊ တောင်ငူ (ဟံသာဝတီ)ခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ်စသည်ဖြင့် အစဉ်အဆက် ထွန်းကားခဲ့တဲ့ ယဉ်ကျေးမှုအဆင့်အတန်းကို မျက်မှောက်ခေတ်ထိတိုင် မျက်ဝါးထင်ထင် မြင်တွေ့နေရတဲ့ စေတီ၊ ပုထိုး၊ ဂူဘုရား၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ပေ၊ ပုရပိုက်၊ ကျောက်စာ၊ အနုသုခုမလက်ရာများနဲ့ ဗိသုကာလက်ရာများက သက်သေခံနေကြပါတယ်။ ဒါ့ကြောင့် မြန်မာနိုင်ငံရဲ့ ဒေသအနှံ့အပြားမှာ မြင်တွေ့နိုင်တဲ့ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များရဲ့ သက်သေခံချက်ဖြင့် မြန်မာ့ယဉ်ကျေးမှုသမိုင်းကြောင်းကြီးဟာ ဘယ်လောက်တောင်ကြီးမားကျယ်ပြန့်သလဲဆိုတာ အထင်အရှားပြသနေတယ်ဆိုတာ သဘောပေါက်ကြစမ်းပါ။

မြန်မာနိုင်ငံဟာ အစဉ်အဆက်ကတည်းက ကိုယ်ပိုင်ယဉ်ကျေးမှုဖြင့် ရပ်တည်လာခဲ့ပြီး မိမိရဲ့ယဉ်ကျေးမှုအပေါ်မှာ ဂုဏ်ယူမြတ်နိုးတန်ဖိုးထားကြပါတယ်။ အဲဒီလို ဂုဏ်ယူတန်ဖိုးထားတတ်လာစေဖို့အတွက် ဦးစွာအနေနဲ့ မြန်မာတိုင်းရင်းသားများဟာ မိမိယဉ်ကျေးမှုသမိုင်းကြောင်းကို သိရှိထားဖို့ အထူးလိုအပ်ပါတယ်။ ဒါ့ပြင် မိမိယဉ်ကျေးမှုကို မိမိတို့က တန်ဖိုးထားမြတ်နိုးတတ်မှ ဇာတိဂုဏ်၊ အမျိုးဂုဏ်ကို ထိန်းသိမ်းနိုင်မှာဖြစ်ပြီး ပြည်ထောင်စုစိတ်ဓာတ်သို့ ဦးတည်နိုင်မှာ ဖြစ်ပါတယ်။ ဒီအချက်ကို ရဟန်းရှင်လူပြည်သူအပေါင်း လက်တွဲဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ ဒုတိယအနေနဲ့ လိုက်နာဆောင်ရွက်တတ်လာစေဖို့ လှုံ့ဆော်ပေးရမှာ ဖြစ်ပါတယ်။ ဒါတွေကို မင်း အစိုးရ ပြည်သူများက ဟန်ချက်ညီစွာ ထိန်းကျောင်းပြုပြင် တည့်မတ်ပေးရမှာ ဖြစ်ပါတယ်။

ဒါ့ကြောင့် ရှေးဦးစွာ ယဉ်ကျေးမှုရဲ့ အဓိပ္ပာယ်ကို သိရှိရန် လိုအပ်ပါတယ်။ ယဉ်ကျေးမှုမသိဘူးဆိုရင် လူမျိုးအကြောင်းလည်း သိမှာမဟုတ်ပါဘူး။ အမှန်က ယဉ်ကျေးမှုဟာ နိုင်ငံတစ်နိုင်ငံရဲ့ နှလုံးသားပဲဖြစ်တယ်။ လူမျိုးတစ်မျိုးရဲ့ ယဉ်ကျေးမှုဆိုတာ အဲဒီလူမျိုးမွေးဖွားတဲ့ အချိန်ကစပြီး သေဆုံးတဲ့အချိန်အထိ ပြုလုပ်သုံးစွဲခဲ့တဲ့ ပစ္စည်းမှန်သမျှ၊ အဲဒီလူမျိုးတွေ ပြောဆိုတဲ့ ဘာသာစကား၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု၊ ယုံကြည်ကိုးကွယ်မှု၊ လူမှုဆက်ဆံရေးစနစ်၊ ရိုးရာဓလေ့ထုံးစံများ၊ အတွေးအခေါ်နဲ့ ဓလေ့စရိုက်၊ လက်မှုအနုပညာနဲ့ အနုသုခုမပညာတို့ ပေါင်းခြုံထားမှုဖြစ်တယ်လို့ မနုဿဗေဒပညာရှင်များက အနက်အဓိပ္ပာယ်ဖွင့်ဆိုခဲ့ကြပါတယ်။ "ယဉ်ကျေးမှု"ဆိုတဲ့ ဝေါဟာရကို နိုင်ငံတကာ ယဉ်ကျေးမှုထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဖြစ်တဲ့ ယူနက်စကိုအဖွဲ့ကြီးက အမျိုးအစားအားဖြင့် စိတ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှု တစ်နည်းအားဖြင့် ရုပ်ဝတ္ထုအကောင်အထည်မရှိ ဒြပ်မဲ့ယဉ်ကျေးမှု(Intangible Culture)နဲ့ ရုပ်ပိုင်းဆိုင်ရာယဉ်ကျေးမှု တစ်နည်းအားဖြင့် လက်ဆုပ်လက်ကိုင်ပြရရတဲ့ (ဝါ) အကောင်အထည်ရုပ်ဝတ္ထု၊ ဒြပ်ဝတ္ထုရှိတဲ့ ယဉ်ကျေးမှု (Tangible Culture) ဆိုပြီး နှစ်မျိုးနှစ်စား ခွဲခြားနိုင်ပါတယ်။ ရုပ်ပိုင်းဆိုင်ရာယဉ်ကျေးမှုမှာ လူသားတွေ ပြုလုပ်သုံးစွဲခဲ့တဲ့ ထိတွေ့ကိုင်တွယ်လို့ ရနိုင်သမျှသော ပစ္စည်းတို့ပါဝင်ကြပြီး စိတ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှုမှာ လူသားတွေရဲ့ လူမှုဆက်ဆံရေးစနစ်၊ ပြောဆိုတဲ့ ဘာသာစကားဆိုင်ရာ ဓလေ့ထုံးစံ၊ အတွေးအခေါ် ယုံကြည်ကိုးကွယ်မှု စတဲ့ နာမ်သဘောသဘာဝဝင်ကဏ္ဍများ အကျုံးဝင်ပါတယ်။

> **မြန်မာအမျိုးသမီးတွေရဲ့အလှအပတွေဟာ အထူးပြင်ဆင်စရာမလိုဘဲ သပ်သပ်ရပ်ရပ်ဝတ်စားဆင်ယင်လိုက်မယ်ဆိုရင် လုံခြုံမှုရှိတဲ့အပြင် ခန္ဓာကိုယ်အချိုးအစား ပေါ်ပြစ်လှပမှုမှာလည်း တခြားဘယ်နိုင်ငံကမှ နှိုင်းယှဉ်မရလောက်အောင် ထင်ရှားပေါ်လွင်ပါတယ်။**

ထပ်ပြီး ရှင်းလင်းရရင် အကောင်အထည် ရုပ်ဝတ္ထု၊ ဒြပ်ဝတ္ထုရှိတဲ့ ယဉ်ကျေးမှုဆိုတဲ့ ဝေါဟာရမှာ ရှေးဟောင်းအဆောက်အအုံများ၊ ရှေးဟောင်းနေရာဌာနများ၊ ဘာသာရေး၊ ဓလေ့ထုံးစံနှင့် အနုပညာဆိုင်ရာရုပ်တုများ၊ ရှေးဟောင်းပစ္စည်းများနဲ့ ယဉ်ကျေးမှုဝတ္ထုပစ္စည်းများပါဝင်ပါတယ်။

ရုပ်ဝတ္ထုအကောင်အထည် ဒြပ်မဲ့ယဉ်ကျေးမှုဆိုတဲ့ ဝေါဟာရမှာ အကပညာ၊ သဘင်ပညာ၊ အဆို၊ အတီးအမှုတ်ပညာနှင့် ဖျော်ဖြေမှု၊ အနုပညာလုပ်ငန်းဆိုင်ရာ ဥပမာ ပန်းချီ၊ ပန်းပု၊ ပန်းယွန်း၊ ပန်းထိမ် စတဲ့ အနုပညာပန်း ၁၀ မျိုး၊ လက်မှုအတတ်ပညာနဲ့ နည်းပညာများ၊ စာပေ၊ ဘာသာစကား၊ ပုံပြင်၊ ထုံးဓလေ့ဆိုင်ရာ သင်္ကေတများ အထိမ်းအမှတ်များ စတာတွေ ပါဝင်ကြပါတယ်။

အကျဉ်းအားဖြင့်ဆိုရရင် ခေတ်ရဲ့အခြေအနေ၊ လူတွေရဲ့ ဝတ်စားဆင်ယင်မှု၊ ဆင်ယင်ထုံးဖွဲ့မှု၊ ပန်းချီပန်းပု၊ လက်မှုအတတ်ပညာများ၊ ဆို၊ က၊ ရေး၊ တီး စတဲ့ သုခုမအနုပညာများ၊ ရေးသားတွေးခေါ် မြော်မြင်ယူဆကြတဲ့ စာပေရေးရာများနဲ့ ရိုးရာဓလေ့ထုံးစံ၊ ဘာသာ၊ အယူဝါဒ၊ ယုံကြည်မှုအပြင် လူနေမှုစနစ်တွေလည်း ပါဝင်ပါတယ်။

ယနေ့မြန်မာလူမျိုးတို့ အလေးအနက်တန်ဖိုးထားတဲ့ မြန်မာ့ယဉ်ကျေးမှုဟာ ပုဂံခေတ်မတိုင်မီ ပျူခေတ်ကတည်းက စတင်မြစ်ဖျားခံလာခဲ့တာကို တွေ့ရပါတယ်။ ယဉ်ကျေးမှုအမျိုးမျိုးရှိတဲ့အနက် ယနေ့ ချစ်စဖွယ်မြန်မာအမျိုးသမီးများရဲ့ဝတ်စားဆင်ယင်မှု ဘယ်လိုဆင်းသက်ဖြစ်ပေါ်လာသလဲဆိုတာကို ပျူခေတ်က စတင်ပြီး လေ့လာကြည့်မယ်ဆိုရင် အထင်းသားမြင်တွေ့နိုင်ပါတယ်။

မြန်မာနိုင်ငံမှာ ပျူခေတ်ကတည်းကပဲ ဗုဒ္ဓဘာသာ သန္ဓေတည်ခဲ့ပြီး အဲဒီကအစပြုပြီး ဗုဒ္ဓယဉ်ကျေးမှုဟာ မြန်မာ့ယဉ်ကျေးမှုနယ်ပယ်မှာ စတင်သန္ဓေတည်ခဲ့ရာကနေပြီး တစ်စတစ်စ တိုးတက်ဖြစ်ထွန်းတည်ရှိလာခဲ့ပါတယ်။ ပျူတို့ရဲ့ မြို့တော်ဟောင်းဖြစ်တဲ့ သရေခေတ္တရာမြို့ဟောင်းကနေ တူးဖော်တွေ့ရှိရတဲ့ ဘောဘောကြီးဘုရား၊ ဘုရားကြီး၊ ဘုရားမာ၊ ရဟန္တာဂူ၊ လေးမျက်နှာဘုရား၊ ဗုဒ္ဓယဉ်ကျေးမှုအနုပညာပစ္စည်းတွေဖြစ်တဲ့ ရွှေ၊ ငွေ၊ ကြေးသွန်းဆင်းတုတော်များ၊ ဗောဓိပင်ပုံ ငွေဓာတ်တော်ကြုတ်နဲ့ ငွေစေတီပုံစံငယ်များ၊ ပဋိစ္စသမုပ္ပါဒ်တရားတော်များ ရေးထွင်းထားတဲ့ ရွှေပေချပ် ၂၂ ချပ် စတာတွေကို တွေ့ရှိရခြင်းဟာ ပျူတို့ရဲ့လက်မှုအနုပညာ ပြောင်မြောက်ပုံ၊ ဘာသာတရားကိုင်းရှိုင်းပုံနဲ့ စေတနာသဒ္ဓါတရားကြီးမားပုံတို့ကိုပြသနေပြီး ဗုဒ္ဓတရားတော်ရဲ့အဆုံးအမနဲ့ စတင်ယဉ်ပါးနေပြီဆိုတာကို သိရှိနိုင်ပါတယ်။ ဒါ့ကြောင့် ပျူခေတ်ကတည်းက ဖြဟ္မစိုရ်တရား လေးပါး၊ ဒါနပါရမီ ဖြည့်ဆည်းမှုတို့မှာ စတင်တန်ဖိုးထားခဲ့ပြီလို့ ယုံကြည်ရပါတယ်။

မြန်မာနိုင်ငံရဲ့ ဝတ်စားဆင်ယင်မှုဟာ ပျူခေတ်ကနေ စတင်ခြေရာကောက်ကြည့်မယ်ဆိုရင် ပျူအမျိုးသမီးတွေဟာ ပိုးထည်အစား လဲမှို့ကနေရတဲ့ ချည်ထည်ကို အသုံးပြုပြီးဝတ်ဆင်ကြပါတယ်။ ပိုးချည်ရဖို့အတွက် ပိုးမွေးရတာက အပြစ်ရှိတယ်လို့ ခံယူကြလို့ ပိုးထည်ကို အသုံးမပြုကြဘူးလို့ သိရပါတယ်။ တရုတ်နိုင်ငံသွား ပျူသံအဖွဲ့မှာ အနုပညာသည်တွေလည်း လိုက်ပါသွားကြတဲ့အခါ အဲဒီအနုပညာအဖွဲ့မှာ အမျိုးသမီးတွေလည်း ပါဝင်ပါတယ်။ ပျူအနုပညာသည် အမျိုးသမီးတွေကနေတစ်ဆင့် ပျူအမျိုးသမီးဝတ်စားဆင်ယင်မှုကို သိရပါတယ်။ အဲဒီအနုပညာအဖွဲ့မှာ အမျိုးသမီးတွေဟာ အနီရင့်ရောင်ပိတ်ဝတ်စုံကို ဝတ်ဆင်ကြပါတယ်။ ဒူးကို ဖုံးလွှမ်းထားတဲ့ ချည်ပိတ်ပါးကို ဝတ်ဆင်ထားတယ်။ ချည်ပိတ်ပါးကို ပခုံးနှစ်ဖက်အပေါ်ကနေ ချိုင်းကြားအောက်သို့လျှိုပြီး လွှမ်းရုံထားတယ်။ ကျောက်မျက်တွေနဲ့ စီကပ်ထားတဲ့ ရွှေလက်ကောက်၊ လက်ကျပ်နဲ့ ခြေချင်းတွေကို ဝတ်ဆင်ထားတယ်။ ရွှေဦးဗောင်းကိုလည်း ဆောင်းတယ်လို့ သိရတယ်။ ဒါတွေဟာ အနုပညာသည်တွေရဲ့ ဝတ်စားပုံမျိုး ဖြစ်ပါတယ်။ ဆရာကြီး သခင်ကိုယ်တော်မှိုင်းရေးသားတဲ့ "သခင့်ဋီကာ" ဆိုတဲ့ စာအုပ်မှာ ရက္ခပူရတိုင်း ရခိုင်လက်ာ၌ ပျူကချေသည်တွေဟာ အနီရောင်ဝယ် ရွှေကြိုးပါတဲ့ ခေါင်းစည်းတွေ၊ ခါးစည်းတွေနဲ့ နီမြန်းတဲ့ အဝတ်တဘက်တွေကို လှပစွာ ဝတ်ဆင်ထားတာကို ဖော်ပြထားပါတယ်။

ပျူအမျိုးသမီးတွေရဲ့ ဝတ်စားဆင်ယင်ပုံတွေကို ရုပ်တုပန်းချီများအရ နှောင်းခေတ်မှာ ရေးသားတဲ့ ပျူမိန်းမဘွဲ့လင်္ကာမှာ အမျိုးသမီးတွေဟာ ခါးချပ်ဝတ်ပြီး ရင်ကို မစည်းနှောင်ဘဲ ပုတီးလည်ဆွဲတွေ၊ ပိုးပဝါတွေကို လည်မှာ ရစ်ပတ်ထားတယ်။ နောက်ဆီကို ပဝါချထားတယ်။ အမွှေးအကြိုင်တွေ လိမ်းခြယ်တယ်။ ဖိတ်ဖိတ်တောက်နားကပ်နဲ့ လက်ကောက်၊ လက်ကြပ်၊ လက်စည်းများ ဝတ်ဆင်ထားတယ်။ အကွက်အပြောက် လွန်းချိတ်လွန်းပုံ့အဝတ်တွေ၊ အနံ့နှစ်တောင့်တစ်ထွာ၊ အလျားလေးတောင်စကို ဝတ်ကြတယ်။ ကျောမှာ ပဝါချရုံ ချထားပြီး လွတ်နေတယ်။ လက်ပါသောအင်္ကျီကို ဝတ်ကြတယ်။ နားပန်းဆံ ချထားတယ်။ ထဘီကဲ့သို့သော အိတ်ရှုံ့မျိုးကို ဝတ်ကြတယ်လို့ ဆိုကြတယ်။

ဒါ့ကြောင့် ပျူခေတ် အမျိုးသမီးတွေရဲ့ ဝတ်စားဆင်ယင်မှုကိုကြည့်ရင် သမိုင်းဦးခေတ်ထက်စာလျှင် ယဉ်ကျေးမှု များစွာမြင့်မားလာတာကိုတွေ့ရပြီး ဝတ်စားမှုမှာလည်း လုံခြုံလာအောင် ဆင်ယင်လာတာကို တွေ့နိုင်ပါတယ်။ ဒါတွေကို သရေခေတ္တရာမြို့တော်ဟောင်းကနေ တွေ့ရှိရတဲ့ ကချေသည် ကြေးရုပ် ငါးရုပ်ကို ကြည့်ရင် သိသာနိုင်ပါတယ်။ အဲဒီကနေစပြီး ကျော်ဖြတ်လာခဲ့တဲ့ ခေတ်အသီးသီးမှာလည်း အဝတ်အစားတွေကို လုံလုံခြုံခြုံ ဝတ်စားဆင်ယင်လာကြပြီး ယနေ့မျက်မှောက်ကာလ မြန်မာ့ဝတ်စားဆင်ယင်မှုအစစ်အမှန်ကို ကြည့်မယ်ဆိုရင် ဘယ်လောက်တောင် လုံခြုံလှပပေါ်လွင်တယ်ဆိုတာကို မြင်နိုင်ပါတယ်။ အထူးသဖြင့် မြန်မာအမျိုးသမီးတွေရဲ့ အလှအပတွေဟာ အထူးပြင်ဆင်စရာမလိုဘဲ သပ်သပ်ရပ်ရပ်ဝတ်စားဆင်ယင်လိုက်မယ်ဆိုရင် လုံခြုံမှုရှိတဲ့အပြင် ခန္ဓာကိုယ်အချိုးအစား ပြေပြစ်လှပမှုမှာလည်း တခြားဘယ်နိုင်ငံကမှ နှိုင်းယှဉ်မရလောက်အောင် ထင်ရှားပေါ်လွင်ပါတယ်။ မြန်မာအမျိုးသမီးတွေရဲ့ နှစ်သက်မြတ်နိုးဖွယ် အလှအပတွေကို နိုင်ငံခြားသားတွေကတောင် စာတစ်စောင် ပေတစ်ဖွဲ့ ရေးပြီး တင်စားခဲ့ကြရတဲ့အထိ ရှိပါတယ်။ ဒါ့ပြင် မြန်မာအမျိုးသမီးတွေရဲ့ အလှအပကို ဆီဆေးပန်းချီတွေနဲ့ တခမ်းတနားရေးဆွဲပြီး တမြတ်တနိုး တလေးတစား ဖော်ကျူးခဲ့ကြပါတယ်။ အဲဒီပန်းချီကားတွေကို ရှာဖွေစုဆောင်းပြသထားမယ်ဆိုရင် မြန်မာအမျိုးသမီးတွေရဲ့ဂုဏ်သရေ ဘယ်လောက်တောင် ကြီးမားကျယ်ပြန့်တယ်ဆိုတာ ပေါ်လွင်မှာဖြစ်ပါတယ်။ အမျိုးသမီးတိုင်းဟာ အလှအပကို ခုံမင်မြတ်နိုးကြတာဟာ သဘာဝပဲ ဖြစ်ပါတယ်။ ဒါပေမယ့် အရင်တုန်းက အခုခေတ်လို အလှပြင်နည်း၊ အသုံးအဆောင် တန်ဆာပလာများ မပေါ်များစေကာမူ လိမ်းခြယ်ဆင်ယင်ရာမှာ အလွန်စည်းကမ်းကြီးကြပါတယ်။ မြန်မာအမျိုးသမီးတွေဟာ ညက်ညောတဲ့ ကျောက်ပျဉ်ချောလေးနဲ့ သနပ်ခါးတုံးကို အသုံးပြုပြီး ရေကောင်းရေသန့်နဲ့ ဖော့ဖော့လေးသွေး၊ နုထွားတဲ့ပါးပြင်ထက်မှာ လက်ညှိုးလေးနဲ့ ညင်ညင်သာသာ လိမ်းခြယ်မှုန်သလေ့ရှိကြပါတယ်။ **စာမျက်နှာ ၁၀ သို့** ◆




## မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

**၂၄-၁၂-၂၀၁၃ (အင်္ဂါနေ့)**

| | | | |
|---|---|---|---|
| ၆း၀၃ | တရားတော် | | (အပိုင်း-၂၃) |
| ၆း၃၅ | မျိုးချစ်တပ်မတော် | ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -"ဆွေနဲ့မျိုးနဲ့ပြဿနာနဲ့" (အပိုင်း-၂၂) |
| ၆း၅၅ | မြန်မာသံစဉ်ချိုနားဝင် | ၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း -နိုင်ငံတကာသတင်း -မိုးလေဝသသတင်း -ဟာသရုပ်စုံ -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရာဇဝင်ထဲကချစ်ခြင်း" (အပိုင်း-၂) |
| ၈း၂၅ | မြတ်နိုးစရာရိုးရာလက်မှုပညာ | | |
| ၈း၃၅ | ခရီးလည်းသွားစကားလည်းဆို | | |
| ၄း၂၅ | အလွမ်းတေးပန်းချီချစ်သူဆီ | | |
| ၅း၀၀ | သာယာသီကြွေး ခေတ်ဆန်းတေး | | |
| ၅း၂၂ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -"ချစ်အိပ်မက်ဆုံရာ" | | |

## (၆၆) နှစ်မြောက် လွတ်လပ်ရေးနေ့ ဦးတည်ချက်များ

☆ ပြည်ထောင်စုတိုင်းရင်းသားအားလုံး ပြည်ထောင်စုကြီးအတွင်း၌ ဥမကွဲ သိုက်မပျက် အတူတကွ ရာသက်ပန် ပူးပေါင်းနေထိုင်ရေး၊

☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး မျက်ခြည်မပြတ် ထိန်းသိမ်းကာကွယ်ရေး၊

☆ လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့သည့် စစ်မှန်သော ထာဝရငြိမ်းချမ်းရေး ရရှိအောင် ဆောင်ရွက်ရာတွင် တိုင်းရင်းသားလူမျိုးများအားလုံးမှ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊

☆ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို ပြည်သူ့စွမ်းအားဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ရေး။




# ရန်ကုန်ကလျာဏယုဝခရစ်ယာန်အသင်းတော် (YMCA) မှ ကျေးဇူးတော်ချီးမွမ်းခြင်းနှင့် မွေးနေ့တော်ညစာစားပွဲအခမ်းအနားကျင်းပ

**ရန်ကုန်　ဒီဇင်ဘာ　၂၃**

ရန်ကုန်ကလျာဏယုဝခရစ်ယာန်အသင်းတော်(YMCA) မှကြီးမှူးကျင်းပသည့် ကျေးဇူးတော်ချီးမွမ်းခြင်းနှင့် မွေးနေ့တော်ညစာစားပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၂ ရက် ညနေ ၅ နာရီခွဲက ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ M3 Food Center ၌ကျင်းပခဲ့သည်။ **(အောက်ပုံ)**





အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးများ၊ သာသနာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဘာသာပေါင်းစုံချစ်ကြည်ရေးအဖွဲ့ ဥက္ကဋ္ဌဦးစိန်ဝင်းအောင်၊ ခရစ်ယာန်ဂိုဏ်းပေါင်းစုံမှ ဘုန်းတော်ကြီးများနှင့် သိက္ခာတော်ရ ဆရာများ၊ YMCA အသင်းတော်မှ ဥက္ကဋ္ဌဒေါက်တာဦးတင်လှနှင့်အဖွဲ့ဝင်များ၊ ဘာသာပေါင်းစုံမှ ခေါင်းဆောင်ပုဂ္ဂိုလ်များ၊ YMCA အသင်းသူအသင်းသားများနှင့် ခရစ်ယာန်ဘာသာဝင်များ၊ ဓမ္မမိတ်ဆွေများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဘုတ်အဖွဲ့ဝင် ဘုန်းတော်ကြီးဒေါက်တာ မန်းစံမြတ်ရွှေက ကောင်းချီးတောင်းခံ၍ YMCA အသင်းတော်ဥက္ကဋ္ဌ ဒေါက်တာဦးတင်လှက ကြိုဆိုနှုတ်ခွန်းဆက်သသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်က နှုတ်ခွန်းဆက်အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံအနေဖြင့် ယနေ့ဘာသာပေါင်းစုံချစ်ကြည်ရင်းနှီးရေးအဖွဲ့များသည် ချစ်ခင်ရင်းနှီးကြရမည်ဖြစ်ပါကြောင်း၊ ဘာသာပေါင်းစုံချစ်ကြည်ရင်းနှီးရေးအဖွဲ့၏ အဓိကရည်ရွယ်ချက်(၃)ရပ်မှာ သံသယကင်းရှင်းရေး၊ ချစ်ခင်ရင်းနှီးရေးနှင့် အတူတကွယှဉ်တွဲနေထိုင်ရေးတို့ဖြစ်ပါကြောင်း၊ ဒီမိုကရေစီနိုင်ငံတော်ကို(Check and Balance) အချင်းချင်း အပြန်အလှန်ထိန်းကျောင်းမှု ဒီမိုကရေစီပြယုဂ်နှင့်အကောင်အထည်ဖော်ဆောင်ရွက်နေပါကြောင်း၊ ကိုယ်ကျင့်တရားနှင့် ယုံကြည်ချက်များကို လက်ကိုင်ထား၍ တူညီသောစိတ်များ၊ တူညီသောလိုလားမှုများဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ကမ္ဘာ့အလယ်တွင် ဝင့်ဝင့်ထည်ထည်ဖြင့် ဒီမိုကရေစီပီသသော နိုင်ငံတော်ဖြစ်စေရန်အတွက် မဆုတ်မနစ် မလျှော့သောဇွဲလုံ့လတို့ဖြင့် ဆောင်ရွက်ကြပါဟု တိုက်တွန်းပန်ကြားလိုပါကြောင်းဖြင့် ပြောကြားခဲ့သည်။ **(သတင်းစဉ်)**

# အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၅၅)ဖွင့်

**နေပြည်တော်　ဒီဇင်ဘာ　၂၃**

အခြေခံပညာဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၅၅)သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ခေတ္တပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးမြင့်က အမှာစကားပြောကြားရာတွင် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအလုံးစုံသည် ပညာရေးဖွံ့ဖြိုးတိုးတက်မှုအပေါ်တွင် လုံးဝအမှီသဟဲပြုနေသောကြောင့် ပညာရေးဖွံ့ဖြိုးမှုလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ပြီး စီမံဆောင်ရွက်နေချိန်ဖြစ်ပါကြောင်း၊ ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်နိုင်ရန်အတွက် ပညာရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကို ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်း၊ လက်တွေ့ကျသော ပညာရေးပြုပြင်ပြောင်းလဲမှုဆိုင်ရာလုပ်ငန်း၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပညာရေးဝန်ကြီးဌာနတစ်ခုတည်းသာမကဘဲ ပညာရေးနှင့်ဆက်စပ်သည့် ဝန်ကြီးဌာနများ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ပညာရေးနှင့်သက်ဆိုင်သည့် မိတ်ဖက်အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပမှ ပညာရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ Development Partners များ ပူးပေါင်းပါဝင်ပြီး အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း၊ ယနေ့ကာလတွင် ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးကော်မတီ၊ အထူးလုပ်ငန်းအဖွဲ့၊ အကြံပေးအဖွဲ့များကို ဖွဲ့စည်းပြီး လုပ်ငန်းအဖွဲ့ ၁၈ ဖွဲ့ကိုပါ ထပ်မံဖွဲ့စည်းပြီး ဆောင်ရွက်နေကြောင်း၊ အဖွဲ့များအနေဖြင့် အမျိုးသားပညာရေးမူဝါဒကို ညှိနှိုင်းရေးဆွဲပြီး မိဘပြည်သူများ၊ ပညာရှင်များ၊ ပညာရေးနှင့်ပတ်သက်သူများ၊ မီဒီယာများနှင့်တွေ့ဆုံပြီး အကြံဉာဏ်များကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ရယူစုစည်းပြီး အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း ဖွင့်လှစ်ပေးရခြင်း ရည်ရွယ်ချက်များမှာ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးနှင့် ဒို့တာဝန်အရေးသုံးပါးကို ခံယူကျင့်သုံးနိုင်စေရန်၊ နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးနှင့် လူမှုရေးဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုများကို သိရှိနိုင်စေရန် ကျောင်းသား ကျောင်းသူများနှင့် စပ်လျဉ်းသည့် စီမံခန့်ခွဲရေးနှင့် စည်းကမ်းထိန်းသိမ်းကွပ်ကဲရေး ဘာသာရပ်များတွင် တိုးတက်မှုများရရှိလာစေရန် အခြေခံပညာကို နားလည်သဘောပေါက်စေရန်နှင့် သင်ကြားမှုသင်ယူမှုအထောက်အကူပြုပစ္စည်းများ အသုံးပြုတတ်စေရန်အတွက် လေ့ကျင့်ပေးရန်တို့ပဲဖြစ်ပါကြောင်း၊ ရည်ရွယ်ချက်များပေါက်မြောက်အောင်မြင်စေရန်အတွက် သင်တန်းမှပို့ချချက်များ၊ လက်တွေ့လေ့ကျင့်မှုများကို ကြိုးစားလိုက်နာသင်ယူသွားရမည်ဖြစ်သည့်အပြင် သင်တန်း၏ စည်းကမ်းများကိုလည်း တိတိကျကျ လိုက်နာစောင့်ထိန်းသွားကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**အလိမ္မာ စာမှာရှိ**

# ကလေးမြို့ ဗိုလ်ချုပ်လမ်းဘေးရှိ ရေနုတ်မြောင်းများအား ရှင်းလင်း

**ကလေး　ဒီဇင်ဘာ　၂၃**

ကလေးမြို့တွင် ပြီးခဲ့သည့် မိုးတွင်းကာလက မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် လမ်းဘေးရှိရေနုတ်မြောင်းများမှာ အမှိုက်များပိတ်ဆို့နေခြင်း၊ သဲနုန်းများ ထူထပ်နေခြင်းတို့ကြောင့် လမ်းမကြီးများပေါ်သို့ရေများလျှံတက်ခြင်းနှင့် အမှိုက်များ ရောက်ရှိနေခြင်းများ မကြာခဏဖြစ်ပေါ်ခဲ့ရာ ယင်းကဲ့သို့ ထပ်မံ၍ မဖြစ်ပေါ်စေရန်အတွက် ယခုပွင့်လင်းရာသီသို့ ရောက်ရှိချိန်တွင် ကလေးမြို့၏ယာဉ်သွားယာဉ်လာအများဆုံး ဗိုလ်ချုပ်လမ်းဘေးရှိ ရေနုတ်မြောင်းများအား ဒီဇင်ဘာလဆန်းပိုင်းမှစတင်ရှင်းလင်းနေပြီဖြစ်ကြောင်းသိရသည်။

အဆိုပါ ရေနုတ်မြောင်းများအတွင်း ရေစီးရေလာကောင်းမွန်ရန် အမှိုက်များရှင်းလင်းခြင်း၊ သဲနုန်းများထုတ်ယူခြင်းများဆောင်ရွက်နိုင်မည်ဆိုပါက ရေစီးရေလာကောင်းမွန်သွားမည်ဖြစ်ရာ ခြင်ပေါက်ပွားမှုလည်းကာကွယ်နိုင်ပြီး ကလေးသူငယ်များအတွက် သွေးလွန်တုပ်ကွေးရောဂါနှင့် မလိုလားအပ်သော ရောဂါများဖြစ်ပွားနိုင်မှုတို့ကိုလည်း ကာကွယ်နိုင်မည်ဖြစ်ကြောင်း မြို့နယ်စည်ပင်မှ တာဝန်ရှိသူများက ဆိုသည်။

**(လင်းလက်ကြယ်စင်)**



◆ စာမျက်နှာ ၆ မှ

မိန်းမအသက် ကရမက်ဆိုတဲ့စကားအရ ဆေးအဖြစ်လည်း လိမ်းကြပါတယ်။ သနပ်ခါးအစစ်မှုန့်နဲ့ တောင်တန်ကတိုး၊ နံ့သာဖြူ ကရမက်များကို အသုံးပြုလိမ်းခြယ်ကြပါတယ်။

ဆံကေသာကိုလည်း တစ်ပင်တလေမျှ လွင့်ထောင်မနေစေဖို့ ပိပိရိရိဖြီးလိမ်းပြောင်လက်စေတယ်။ မိုးလင်းတာနဲ့ ဆံပင်ကို ကြော့နေအောင် ရစ်ပတ်ထုံးဖွဲ့ပြီးဖြစ်တယ်။ ထဘီကိုလည်း ခါးတစ်ဖက် အရိုးဖုံးတဲ့အထိ ချပ်ချပ်ရပ်ရပ် ရစ်ပတ်ဝတ်ဆင်လေ့ရှိတယ်။ လူသူလေးပါးရှေ့မှာ ထဘီဖြန့်ကားဝတ်တာဟာ အကျည်းတန်တယ်လို့ ယူဆခဲ့ကြပါတယ်။ ထဘီကို ဝတ်ဆင်တဲ့အခါမှာ တရွဲ့တစောင်း၊ ဦးစိုက် နောက်တက်၊ တစ်ခြမ်းလွတ် ဆင်ယင်ခြင်းမျိုး မရှိခဲ့ပါဘူး။ ဒီလမ်း ဒီပန်းနဲ့ တော်တယ်၊ ဒီခရီး ဒီထီးနဲ့ တော်တယ်ဆိုတာကို ရှေးလူကြီး သူမများရဲ့ စီမံလမ်းညွှန်တဲ့အတိုင်း လူငယ်များကလည်း လိုက်နာကျင့်သုံးခဲ့ကြပါတယ်။ ဒါကြောင့် မြန်မာအမျိုးသမီးများရဲ့ အစဉ်အလာမှာ မိမိကိုယ်ကို တင့်တယ်စေဖို့ စည်းကမ်းစနစ်ကျနစွာ ဝတ်စားဆင်ယင်လာခဲ့ကြလို့ မြန်မာအမျိုးသမီးများဟာ ခေတ်အဆက်ဆက် ဂုဏ်တင့်ခဲ့ကြရပါတယ်။ ဂုဏ်ယူခဲ့ကြရပါတယ်။ ဝင့်ကြွားခဲ့ကြရပါတယ်။

ပျူခေတ်နောက်ပိုင်း ပုဂံခေတ်ကနေ ယနေ့တိုင် ဖြတ်သန်းလာခဲ့ရတဲ့ခေတ်အသီးသီးကိုကြည့်ရင် ယဉ်ကျေးမှု တန်ဖိုးထားပုံစနစ်များ အခိုင်အမာတည်ရှိလာခဲ့တာကို သိမြင်နိုင်ပါတယ်။ အဲဒီတန်ဖိုးထားပုံစနစ်များကတော့-

(က) ရဲစွမ်းသတ္တိကို တန်ဖိုးထားမှု၊
(ခ) ရက်ရောမှုနှင့် ဧည့်ဝတ်ကျေပွန်မှုကို တန်ဖိုးထားမှု၊
(ဂ) ငြိမ်းချမ်းရေးကို တန်ဖိုးထားမှု၊
(ဃ) သနားကြင်နာတတ်မှုကို တန်ဖိုးထားမှု၊
(င) သည်းခံခွင့်လွှတ်တတ်မှုကို တန်ဖိုးထားမှု၊
(စ) ကျေးဇူးတရားသိတတ်မှုကို တန်ဖိုးထားမှု၊
(ဆ) တာဝန်နှင့်ဝတ္တရားကျေပွန်မှုကို တန်ဖိုးထားမှု၊
(ဇ) ဟီရိဩတ္တပ္ပတရား(အရှက်နှင့် အကြောက်တရား)စောင့်ထိန်းမှုကို တန်ဖိုးထားမှု၊
(ဈ) ကိုယ်ချင်းစာတရား ထားရှိမှုကို တန်ဖိုးထားမှု၊
(ည) စုပေါင်းဆောင်ရွက်ခြင်းကို တန်ဖိုးထားမှု၊
(ဋ) သစ္စာစောင့်သိခြင်းကို တန်ဖိုးထားမှု တို့ဖြစ်ကြပါတယ်။

အဲဒီတန်ဖိုးထားပုံကိုကြည့်ရင် ဗုဒ္ဓတရားတော်ရဲ့ အဆုံးအမဖြစ်တဲ့ မင်္ဂလသုတ်တော်၊ မေတ္တာသုတ်တော်၊ မဟာသမယသုတ်တော်၊ လောကနီတိတရား စတာတွေအပေါ်မှာ အဓိကအခြေခံထားတာကို တွေ့ရပါတယ်။ ဒါကြောင့် ရှေးခေတ်က မြန်မာလူငယ်တွေဟာ ဘုန်းတော်ကြီးကျောင်းမှာပဲ ပညာသင်ယူကြရတဲ့အတွက် ဗုဒ္ဓသုတ္တံတရားတော်တွေနဲ့ ထိတွေ့ဆက်ဆံခဲ့ကြရလို့ မြန်မာ့ယဉ်ကျေးမှုအပေါ် များစွာတန်ဖိုးထားလိုက်နာကြတာကို တွေ့ရပါတယ်။ အခု မြို့ပြနေလူတန်းစားတွေဖြစ်ကြတဲ့ လူငယ်များဟာ ဘုန်းတော်ကြီးကျောင်းတွေနဲ့ တစ်စတစ်စ ဝေးကွာလာပြီး မြန်မာ့ယဉ်ကျေးမှုနဲ့ပါ တစ်စတစ်စနဲ့ အလှမ်းကွာလာရာကနေ တိုင်းတစ်ပါးယဉ်ကျေးမှုရဲ့ လွှမ်းမိုးမှုကို အလွယ်တကူ လက်သင့်ခံကျင့်သုံးလာရတာ ဖြစ်ပါတယ်။ အမှန်တော့ ယဉ်ကျေးမှုကိုယ်ခံတရား မရှိလို့ဘဲ ဖြစ်ပါတယ်။

ဒါကြောင့် မိမိလူမျိုးရဲ့ ယဉ်ကျေးမှုသမိုင်းကြောင်း၊ အမျိုးဂုဏ်ကို သိရှိထားပြီး လေးစားမြတ်နိုးမှသာ မြန်မာ့ယဉ်ကျေးမှုကို စောင့်ရှောက်ထိန်းသိမ်းထားနိုင်မှာဖြစ်တဲ့ အပြင် သမိုင်းအစဉ်အလာမရှိတဲ့(သို့မဟုတ်) သမိုင်းအစဉ်အလာနည်းပါးတဲ့ တိုင်းတစ်ပါးယဉ်ကျေးမှုတွေရဲ့ ဝင်ရောက်ထိုးဖောက်မှုကို ကာကွယ်တားဆီးနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ကိုယ်ပိုင်ယဉ်ကျေးမှုစစ်စစ်ကို အရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းထားကြရမှာ ဖြစ်ပါတယ်။ အခု မြန်မာနိုင်ငံမှာ ပြည်သူတွေရဲ့ကြားမှာ တွေ့နေရတာက မိမိတို့ယဉ်ကျေးမှုကို သိနားလည်ရန် ကောင်းမှန်းမသိ၊ သိရှိနားလည်ရန်လည်း မကြိုးစား၊ အများက ဒါကောင်းတယ်လို့ဆိုလိုက်ရင် လိုက်ပါကောင်းလိုက်တာပဲ ဖြစ်တယ်။ ကောင်းမကောင်း စဉ်းစားဆင်ခြင် ချင့်ချိန်တတ်တဲ့ ပင်ကိုသဘာဝ လုံးဝပျောက်ဆုံးနေပြီဖြစ်ပါတယ်။ ခေတ်စနစ်ကပဲ လူကို ပြောင်းလဲစေတာလား၊ လူကပဲ ခေတ်စနစ်ကို ပြောင်းလဲစေတာလား စဉ်းစားဖို့လိုလာပြီ ဖြစ်ပါတယ်။ ခေတ်နဲ့အညီလိုက်လျောညီထွေမှုရှိရန် ပြုမူဆောင်ရွက်ခြင်းဟာ အပြစ်လို့ မဆိုသာသော်လည်း မြန်မာတို့ ထိန်းသိမ်းစောင့်ရှောက်လာခဲ့တဲ့ ဟီရိဩတ္တပ္ပတရားရှိဖို့တော့ လိုအပ်ပါတယ်။ ဗုဒ္ဓဘာသာ မြန်မာ့လူ့အဖွဲ့အစည်းမှာ မြတ်စွာဘုရားရဲ့ တရားတော်များအတိုင်း လိုက်နာကျင့်ကြံနေထိုင်ကြပါတယ်။ မြတ်စွာဘုရားရဲ့ ဆိုဆုံးမမှုအောက်မှာ မြန်မာ့လူ့အဖွဲ့အစည်းဟာ ငြိမ်းချမ်းသာယာအေးချမ်းတည်ငြိမ်တဲ့ဘဝကို လျှောက်လှမ်းနေကြပါတယ်။

မြန်မာအမျိုးသမီးများဟာ ခေတ်အဆက်ဆက် လုံခြုံပိပြားအောင် ဝတ်စားဆင်ယင်ကြပြီး မြန်မာ့ယဉ်ကျေးမှုကို တန်ဖိုးထားလာခဲ့ကြတဲ့နည်းတူ ဟီရိဩတ္တပ္ပတရားနဲ့လည်း ပြည့်စုံကြသူများ ဖြစ်ကြပါတယ်။ အများတကာကပင် နိုင်ငံခြားသားတွေအပါအဝင် လေးစားမြတ်နိုးတန်ဖိုးထားတာကို ခံကြရတယ်ဆိုတာ ယနေ့ခေတ်လူငယ်လူရွယ်တွေ သိရှိနားလည်ထားသင့်ပါတယ်။

မြန်မာနိုင်ငံမှာ ခေတ်စနစ်များ တစ်ခေတ်ပြီး တစ်ခေတ် အမျိုးမျိုးပြောင်းလဲလာသလို အချိန်ကာလကွာခြားမှုနဲ့အတူ ဝတ်စားဆင်ယင်မှုအပိုင်းမှာလည်း အဆင့်ဆင့်ပြောင်းလဲတိုးတက်လာတာကို တွေ့ရပါတယ်။ ဒါပေမယ့် ကနေ့ Globalization ကာလမှာ ယဉ်ကျေးမှုဟာ အရင်တုန်းကထက် နိုင်ငံဖြတ်ကျော် စီးမျောပါနေကြပါတယ်။ ယနေ့ကာလမှာ မိမိယဉ်ကျေးမှုကို သိရှိနားလည်ထားခြင်းမရှိတဲ့သူဟာ ယနေ့ဖြစ်ပေါ်နေတဲ့ ယဉ်ကျေးမှုကို မိမိယဉ်ကျေးမှုဆိုပြီး ထင်မှတ်မှားတတ်ကြရလောက်အောင် ယဉ်ကျေးမှုအရှိန်အဟုန်ပြင်းလှပါတယ်။ အဲဒီလိုမျောပါနေတဲ့ကြားက အတုမြင် အတတ်သင်ပါ ထပ်ဆင့်လိုက်တဲ့အခါမှာတော့ တောမရောက် တောင်မရောက် ယဉ်ကျေးမှုဖြစ်ပေါ်လာတော့တာပေါ့။ မြန်မာလူမျိုးဘက်ကကြည့်ရင် မိမိယဉ်ကျေးမှုလည်း မဟုတ်၊ နိုင်ငံခြားဘက်ကကြည့်ရင် နိုင်ငံခြားယဉ်ကျေးမှု မမည်ဆိုတဲ့ ကိုးလိုးကန့်လန့် ယဉ်ကျေးမှုလို့ ဆိုရမှာလား။ ကပြားယဉ်ကျေးမှုဆိုပြီး ခေါင်းစဉ်တပ်ရမည်လား။ အဲဒီထက် ပိုပြီးဆိုးတာက ရှက်ရကောင်းမှန်း မသိခြင်းဘဲ ဖြစ်ပါတယ်။ ရှက်ရမယ့် ကြောက်ရမယ့်ကိစ္စတွေကို လူမြင်ကွင်းအလယ်မှာ စတိုင်ကျတယ်ဆိုပြီး ဂုဏ်ယူနေတဲ့ စိတ်ဓာတ်ဟာ ဘယ်လောက်တောင် ပျက်ပြားနေသလဲဆိုတာကို မသိနားမလည်ခြင်းဟာ မိမိယဉ်ကျေးမှုကို နားမလည် တန်ဖိုးမထားတတ်လို့ပဲ။ ဒီလိုယဉ်ကျေးမှုမျိုးကို မြို့ပြတွေမှာ အများဆုံးတွေ့ရပါတယ်။ ကျေးလက်ဒေသတွေမှာ အတွေ့ရနည်းပါတယ်။ မြန်မာလူမျိုးတို့ရဲ့ ချစ်စရာကောင်းတဲ့ ယဉ်ကျေးမှုဓလေ့ထုံးစံတွေကို မြို့ပြများမှာ လုံးဝနီးပါးမျှ ရှာတွေ့လို့ကို မရနိုင်လောက်အောင် ပျက်စီးနေပြီး ကျေးလက်တောရွာတွေမှာတော့ အပြည့်အဝ တွေ့ထိခံစားကြည့်နိုင်ပါတယ်။ အဲဒီလို အကောင်းဘက်က စဉ်းစားရင် ဖြေသာလို့ရတယ်လို့ ဆိုရမှာ ဖြစ်ပါတယ်။ ဒါပေမယ့်လည်း ကျေးလက်များမှာ ဘယ်လောက်ကြာကြာတောင့်ခံနိုင်မှာလဲ။ ပြဿနာရှိရင်တော့ အဖြေရှိမြဲပါပဲ။

ယနေ့မြန်မာနိုင်ငံမှာ မီဒီယာများရဲ့ထိုးဖောက်မှုကြောင့် မြန်မာအမျိုးသမီးများရဲ့ဝတ်စားဆင်ယင်မှုဟာ ခေတ်နဲ့လျော်ညီအောင် ဝတ်ဆင်တယ်လို့ဆိုပေမယ့်လည်း မြန်မာ့ယဉ်ကျေးမှုဘောင်ကို ကျော်လွန်သွားခဲ့ပြီဖြစ်ပါတယ်။ အထူးသဖြင့် မိန်းကလေးငယ်တွေရဲ့ ဝတ်စားဆင်ယင်မှုဟာ ရာဂကို နှိုးဆော်တက်ကြွလာစေဖို့ ဖိတ်ခေါ်နေသလို မြင်နေရပါတယ်။ အဲဒီလို မိန်းကလေးငယ်များ ဝတ်စားဆင်ယင်ခြင်းဟာ ဘာကို ရည်ရွယ်သလဲ။ သူတို့ဝတ်စားထားတာကို သူတို့ကိုယ်တိုင်ကရော သိနားလည်ကြရဲ့လား။ ဒါပေမယ့် တစ်ခုကံကောင်းတာက ဒီလိုမျိုး ဝတ်စားဆင်ယင်မှုဟာ မြို့ပြတွေမှာသာ အများဆုံးတွေ့နေရပြီး ကျေးလက်တောရွာဆီကို ကူးစက်မှုမမြန်သေးပါဘူး။ မြန်မာနိုင်ငံမှာ လူဦးရေ သန်း ၆၀ ရှိတဲ့အနက် ၇၀ ရာခိုင်နှုန်းဟာ ကျေးလက်နေပြည်သူတွေဖြစ်ကြပြီး ၃၀ ရာခိုင်နှုန်းသော လူဦးရေဟာ မြို့ပြတွေမှာ နေထိုင်ကြတာကို သိရပါတယ်။ ဒီမှာ မြန်မာ့ယဉ်ကျေးမှုဟာ ပြောဆိုရလောက်အောင်အထိ မပျက်စီးသေးဘူးလို့ ဆိုရမှာပါ။

အချုပ်အားဖြင့် ပြောရမယ်ဆိုရင် မြန်မာနိုင်ငံရဲ့ ယဉ်ကျေးမှုအစဉ်အလာဟာ ဗုဒ္ဓဘာသာအပေါ် အခြေခံပြီး ဖြစ်ထွန်းလာတာ ဖြစ်ပါတယ်။ ဒ့ါပြင် မြန်မာနိုင်ငံရဲ့ ပညာရေးစနစ်တွေရဲ့ အခြေခံအုတ်မြစ်ဟာ ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားရေးပဲဖြစ်ပါတယ်။ ဒါကြောင့် ပညာရေးလုပ်ငန်းတွေဟာ ရိုးရာယဉ်ကျေးမှုအစဉ်အလာတွေနဲ့ ဆက်စပ်နေပါတယ်။ ယဉ်ကျေးမှုအစဉ်အလာတွေကို ထိန်းသိမ်းစောင့်ရှောက်လိုက်နာခြင်းဟာ စိတ်ဓာတ်ဖြစ်ထွန်းမှုနဲ့ အဓိကသက်ဆိုင်ပါတယ်။ စိတ်ဓာတ်ဖြစ်ထွန်းမှုဟာ တန်ဖိုးထားမှုအပေါ်မှာ တည်မှီပါတယ်။ စိတ်ဓာတ်ဟာ သိမှု၊ နားလည်မှုသက်သက်သာမက တန်ဖိုးထားမှုအရ ကျင့်သုံးမှုပါ ပါဝင်ပါတယ်။ ဆိုလိုရင်းကတော့ မြန်မာ့ယဉ်ကျေးမှုအစဉ်အလာရဲ့ ရေသောက်မြစ်သဖွယ်ဖြစ်တဲ့ '၃၈ ဖြာမင်္ဂလာတရားတော်များ'ကို သိရှိနားလည်ပြီး လက်ရှိလူ့ဘဝမှာ လိုက်နာကျင့်သုံးရမှာ ဖြစ်ပါတယ်။

ဆရာတော်အနေနဲ့ ပြောချင်တာကတော့ တိုင်းတစ်ပါးယဉ်ကျေးမှုတွေ ထိုးဖောက်ဝင်ရောက်လာတာတွေကြောင့် မြန်မာအမျိုးသမီးငယ်တွေ လိုက်ပါအတုခိုး ဝတ်ဆင်ကြတာကို အပြစ်မပြောလိုသော်လည်းပဲ မြန်မာ့ယဉ်ကျေးမှုနဲ့ ကိုက်ညီရဲ့လား၊ ဗုဒ္ဓဘာသာလူ့အဖွဲ့အစည်းအနေနဲ့ရော တင့်တယ်ရဲ့လား၊ မိဘညီအစ်ကို မောင်ဖားတွေရဲ့ရှေ့မှာ သင့်လျော်ပါရဲ့လား၊ မိမိအန္တရာယ်ကို မိမိကိုယ်တိုင်က လက်ကမ်းကြို ဖိတ်ခေါ်နေတာလား စတာတွေကို စဉ်းစားပြီးမှ ဝတ်စားဆင်ယင်သင့်ပါတယ်။ ယဉ်ကျေးသိမ်မွေ့ပြီး ပြေပြစ်လှပတင့်တယ်တဲ့ မြန်မာဝတ်စားဆင်ယင်မှုမျိုးကိုသာ ဂုဏ်ယူစွာ ဝတ်ဆင်ကြစမ်းပါ။ အရှက်ရော အန္တရာယ်ပါ လုံခြုံတဲ့အပြင် မိမိလူမျိုးသာမက တိုင်းတစ်ပါးသားကတောင် ငေးကြည့်ရလောက်တဲ့ မြန်မာ့ယဉ်ကျေးမှုအပေါ် တန်ဖိုးထားတတ်ကြစမ်းပါ။ မိမိကိုယ်မှ မိမိတန်ဖိုးမထားရင် ဘယ်သူမှ လာပြီး တန်ဖိုးမထားဘူးဆိုတာ မှတ်ထားစမ်းပါ။ တစ်ဦးတစ်ယောက်ကနေ အိမ်ထောင် တစ်စု၊ အဲဒီကနေ လူ့အဖွဲ့အစည်းကြီးတစ်ရပ်လုံး မြန်မာ့ယဉ်ကျေးမှုကို သိရှိနားလည်ပြီး လက်ခံလိုက်နာကျင့်သုံးကြမယ်ဆိုရင် မြန်မာ့လူ့အဖွဲ့အစည်းကြီး သာယာလှပအေးချမ်းလာမှာ အမှန်ပဲ။ ကဲ . . . ဒီလောက်ဆို နားလည်လောက်ပြီ ထင်ပါတယ်။

အားလုံး ကိုယ်ကျင့်သိက္ခာမြင့်မားကြပြီး ဗုဒ္ဓတရားတော်ရဲ့ ဆိုဆုံးမမှုအောက်မှာ ခိုလှုံရင်း သံသရာကလွတ်ကင်းအောင် နေတတ်၊ ထိုင်တတ်၊ ပြောတတ်၊ ဆိုတတ်၊ ကျင့်ကြံတတ်ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်လိုက်ပါတယ်။ ။









# အင်ဂျင်နီယာ မွမ်းမံသင်တန်းဖွင့်

**ရန်ကုန် ဒီဇင်ဘာ ၂၃**

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး၊ ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်သည် ယနေ့ နံနက်ပိုင်းတွင် မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝန်ထမ်း သင်တန်းကျောင်း သင်တန်းခန်းမ၌ ပြုလုပ်သည့် အင်ဂျင်နီယာ မွမ်းမံသင်တန်းအမှတ်စဉ်(၁၀) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားသည်။

သင်တန်းသို့ သင်တန်းသား ၁၈ ဦး၊ သင်တန်းသူ ၄၅ ဦး တက်ရောက်ကြပြီး ရက်သတ္တလေးပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



## ကလေးမြို့လေယာဉ်ပြေးလမ်း ထပ်မံတိုးချဲ့ခြင်းလုပ်ငန်းဆောင်ရွက်

**ကလေး ဒီဇင်ဘာ ၂၃**

ကလေးမြို့လေဆိပ်၏ လေယာဉ်ပြေးလမ်းသည် အလျား ပေ ၅၅၀၀၊ အကျယ် ပေ ၁၀၀၊ အထူ ၁၈ လက်မ ကျောက်ကတ္တရာခင်း အမျိုးအစားဖြစ်ပြီး လေယာဉ်ပြေးလမ်း၏ ခံနိုင်ဝန်အားသည် ၇၃၀၀၀ ပေါင်ရှိကာ ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၄၃၀ တွင်ရှိလျက် လေယာဉ်ပြေးလမ်း ဦးတည်ရပ်မှာ ၉၀/၂၇၀ ဖြင့် အရှေ့/အနောက်တည်ရှိပြီး ဖော်ကာ F 28 အမျိုးအစားလေယာဉ်များဆင်းသက်နိုင်သည့် လေယာဉ်ကွင်းဖြစ်သည်။

ယခုအချိန်တွင် ကလေးမြို့လေဆိပ် လေယာဉ်ပြေးလမ်းကို Y8 အမျိုးအစား လေယာဉ်ကြီးများ ဆင်းသက်နိုင်ရန် ပြေးလမ်း၏အနောက်ဘက်သို့ အရှည် ပေ ၁၅၀၀ ထပ်မံတိုးချဲ့ခြင်းလုပ်ငန်းကို စက်ယန္တရားကြီးများဖြင့် ဆောင်ရွက်လျက်ရှိပြီး အဆိုပါလုပ်ငန်းခွင်သို့ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးသည် တာဝန်ရှိသူများနှင့်အတူ ဒီဇင်ဘာ ၂၀ ရက် နံနက် ၉ နာရီက ကြည့်ရှုစစ်ဆေးရာ**(အပေါ်ပုံ)** ကလေးမြို့ လေယာဉ်ကွင်းပြေးလမ်း တိုးချဲ့ရေးစီမံကိန်းတာဝန်ခံ ဦးလှပြုံးက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

အဆိုပါ လေယာဉ်ပြေးလမ်း တိုးချဲ့ခြင်းလုပ်ငန်းကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း မြေသားဖို့ခြင်းလုပ်ငန်းပြီးစီးအောင် ဆောင်ရွက်မည်ဖြစ်ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှစ၍ ကျောက်ကတ္တရာခင်းခြင်းလုပ်ငန်းများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း စီမံကိန်းတာဝန်ခံ အင်ဂျင်နီယာ ဦးဝင်းဇော်ဇော်ထံမှ သိရသည်။

**(ဂျိုးနက်)**

## အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်း ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၂၃**

အမျိုးသမီးများနှင့် ကလေးသူငယ်များဘဝ မြှင့်တင်ရေးအသင်း (MWCDF)မှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဒီဇင်ဘာ ၂၃ ရက် နံနက် ၈ နာရီခွဲတွင် နေပြည်တော် ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် သဖန်းချောင်းကျေးရွာအုပ်စု စိန်ပန်းခိုင်ကျေးရွာသို့ သွားရောက်၍ အမှတ်(၉) ဘုန်းတော်ကြီးပညာသင်ကျောင်း၌ သင်ကြားလျက်ရှိသော မူလတန်းအဆင့် ကျောင်းသား ကျောင်းသူများအား ဗလာစာအုပ်၊ ခဲတံနှင့် မုန့်ထုပ်များပေးအပ်ကာ ကျန်းမာရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေး ကိစ္စများကို သင်ကြားပြသသည်။

MWCDF မှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ကျေးရွာအတွင်းရှိ ဘုန်းတော်ကြီးကျောင်းမှ သံဃာတော်များအား ဝတ္ထုငွေ၊ လှူဖွယ်ပစ္စည်းများနှင့် ဆွမ်းများဆက်ကပ်ကြသည်။ ဆက်လက်၍ ကျေးရွာအတွင်းရှိ အဘိုးအဘွား ၂၂ ဦးနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ငွေနှင့် အဝတ်အထည်၊ ဆေးဝါးပစ္စည်းများ လှူဒါန်းပေးအပ်ခဲ့ပြီး ကျေးရွာဥက္ကဋ္ဌနှင့် ရွာသူရွာသားများကို စာသင်ကျောင်း၊ သန့်စင်ခန်းဆောက်လုပ်ရေးကိစ္စများကို ဆက်လက်ပူးပေါင်းဆောင်ရွက်သွားကြရန်နှင့် ကျေးရွာမီးလင်းရေး၊ ကျေးရွာရေရရှိရေးကိစ္စများကို ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## နေရပ်စွန့်ခွာမိသားစုများအတွက် ကျန်းမာရေးနှင့်အာဟာရများ ထောက်ပံ့ပေးအပ်

**မြစ်ကြီးနား ဒီဇင်ဘာ ၂၃**

ဝိုင်းမော်မြို့နယ် ခတ်ချိုကျေးရွာရှိ နေရပ်စွန့်ခွာမိသားစုများနှင့်ဒေသခံမိသားစုများအား ကျန်းမာရေး စောင့်ရှောက်ပေးမှုနှင့် အာဟာရ ထောက်ပံ့ပေးခြင်းကို ဒီဇင်ဘာ ၂၁ ရက် နံနက် ၉ နာရီတွင် ခတ်ချိုကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ပြည်နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာဝင်းလွင်၊ မြစ်ကြီးနား အထွေထွေရောဂါကုဆေးရုံအုပ်ကြီး ဒေါက်တာမောင်မောင်ဇင်နှင့် အထူးကုဆရာဝန်ကြီးများ၊ တိုင်းရင်းဆေးရုံမှ ဆရာ ဆရာမများက ဒေသခံပြည်သူများနှင့် ကယ်ဆယ်ရေးစခန်းမှမိသားစု ၇၀၀ ကျော်တို့အား ဆေးဝါးကုသပေးကြပြီး**(အပေါ်ယာပုံ)**



ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြနုနှင့် အဖွဲ့များက မိသားစုဝင်များ၏ အာဟာရအတွက် ငွေကျပ်လေးသိန်းကျော်နှင့် အထွေထွေရောဂါကုဆေးရုံကြီးအတွက် လိုအပ်သော ဆေးဝါးပစ္စည်းများဝယ်ယူရန် ငွေကျပ်တစ်သိန်းတို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ခင်မောင်ထွန်း)**

## ဖြည့်စွက်ဖတ်ရှုပါရန်

ဒီဇင်ဘာ ၂၃ ရက်ထုတ် ကြေးမုံသတင်းစာ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အထူးထုတ် စာမျက်နှာ (၄) တွင်ဖော်ပြထားသော အားကစားနည်းအလိုက် အိမ်ရှင်မြန်မာနိုင်ငံ ဆုတံဆိပ်ရရှိမှုဇယားတွင် ဘတ်စကက်ဘော၊ ဖူဆယ်၊ ဘော်လီဘော၊ ဝါတာပိုလိုအားကစားနည်းများတွင် ဆုတံဆိပ်ရရှိမှုမရှိပါကြောင်း ဖြည့်စွက်ဖတ်ရှုပါရန်။ **(စာတည်း)**

## ဒိုက်ဦးမြို့နယ်၌ ငါးတင်ယာဉ် တိမ်းမှောက်

**ဒိုက်ဦး ဒီဇင်ဘာ ၂၃**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ဖောင်တော်သီနယ်မြေရဲစခန်းအပိုင် ပေါက်တပင်ကျေးရွာအနီး ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ် (၈၀/၂)နှင့် (၈၀/၃) အကြားတွင် ဒီဇင်ဘာ ၂၁ ရက် ည ၈ နာရီခွဲခန့်က ဒိုက်ဦးမြို့မှ ရန်ကုန်သို့ ငါးများတင်ဆောင်လာသည့် ယာဉ်မောင်း ကိုသားကြီး(ခ)သက်ပိုင်ဦး အမှတ်(၅)ရပ်ကွက် ဒိုက်ဦးမြို့နေသူ မောင်းနှင်လာသည့် ကင်တာအမျိုးအစား ယာဉ်အမှတ် ၄က/--- သည် ယာဘက်ဘီးကျွတ်ထွက်၍ ကားလမ်း၏ ယာဘက်သို့ တိမ်းမှောက်သွားခဲ့သည်။

ယင်းကဲ့သို့ ယာဉ်တိမ်းမှောက်မှုကြောင့် မော်တော်ယာဉ်အောက်၌ ခရီးသည်ငါးဦး ပိမိနေကြောင်း သတင်းရသဖြင့် ဖောင်တော်သီနယ်မြေရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များ၊ ဒိုက်ဦးမြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးဦးမျိုးဆွေ ဦးစီးသော မီးသတ်တပ်ဖွဲ့ဝင်များ၊ ဘုရားကြီးမြို့မှ အရန်မီးသတ်တပ်ဖွဲ့ဝင်များက အချိန်နှင့်တစ်ပြေးညီ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ကြရာတွင် ငြိမ်းချမ်း (၃၀)နှစ် (၃)ရပ်ကွက် ဒိုက်ဦးမြို့နေသူနှင့် ကိုသူ (၂၇)နှစ် (၃)ရပ်ကွက် ဒိုက်ဦးမြို့နေသူတို့ကို ပြင်းထန်ဒဏ်ရာများဖြင့် ကယ်ဆယ်နိုင်ပြီး ဦးသိန်းညွန့် (၄၁)နှစ် ဖအောင်ဝဲကျေးရွာ၊ ဦးတင်ဆန်း (၄၄)နှစ် ဖအောင်ဝဲကျေးရွာ၊ မတူးမာ(၂၅)နှစ် (၇)ရပ်ကွက် ဒိုက်ဦးမြို့နေသူတို့မှာ သေဆုံးလျက်ရှိကြောင်း တွေ့ရှိရသဖြင့် ဒဏ်ရာရရှိသူများအား အချိန်မီ ဒိုက်ဦးဆေးရုံသို့ ပို့ဆောင်ပေးပြီး အမှုအား ဖောင်တော်သီနယ်မြေရဲစခန်းမှ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(သီဟရာဇာ)**



## ကျပ်သိန်းပေါင်း ၁၉၂၀ တန်ဖိုးရှိ ဆူဒိုအက်ဖီဒရင်းဆေးပြားများ သိမ်းဆည်းရမိ

**ကလေး ဒီဇင်ဘာ ၂၃**

ကလေးမြို့ တပ်ဦးသီတာရပ်ကွက် နယ်မြေ(၁) စန္ဒာလမ်းတွင် ဒီဇင်ဘာ ၁၈ ရက် ည ၁၁ နာရီခွဲက ကလေးမြို့မရဲစခန်းမှ ခေတ္တစခန်းမှူးရဲအုပ်မြင့်စိုးနှင့်အဖွဲ့သည် သက်သေများနှင့်အတူ စောင့်ဆိုင်းနေစဉ် မောင်းနှင်လာသည့် ယာဉ်အမှတ် ၇ဂ/--- (ဟာဒီယာ)ယာဉ်တစ်စီးအား ရပ်တန့်စစ်ဆေးရာ ယာဉ်နောက်ခန်းအတွင်းမှ ပီနံအိတ် ခုနစ်အိတ်နှင့် ပလတ်စတစ်အိတ် တစ်အိတ်တို့ဖြင့် ထည့်ထားသော အလေးချိန် ၁၉၂ ကီလိုရှိ ဆူဒိုအက်ဖီဒရင်းဆေးပြားပေါင်း ၁၉၂၀၀၀၀ သိမ်းဆည်းရမိပြီး ကာလတန်ဖိုး ငွေကျပ်သိန်းပေါင်း ၁၉၂၀ ရှိကြောင်း သိရသည်။

အဆိုပါသိမ်းဆည်းရမိသည့် ဆူဒိုအက်ဖီဒရင်းဆေးပြားများမှာ အိန္ဒိယနိုင်ငံ အိုင်ဇောလ်မှတစ်ဆင့် ချင်းပြည်နယ် ရိဒ်-တီးတိန်ကားလမ်းအတိုင်း ကလေးမြို့သို့ ဆိုင်ကယ်များဖြင့်သယ်ဆောင်လာခြင်းဖြစ်ပြီး အဆိုပါဆေးပြားများနှင့်အတူ လက်ကိုင်ဖုန်းနှစ်လုံးနှင့် ဟာဒီယာယာဉ်ပါ သိမ်းဆည်းရမိကာ တရားခံဒေါ်တင်နှင့် ပူးပေါင်းဆောင်ရွက်သူများဖြစ်ကြသော မနိုးတင်ပါး၊ ခင်ထွန်း၊ ထန်ဆွန်းပေါင်၊ လန်ဆွန်းလျန်၊ ရှုန်ဗန်းခမ်၊ ပေါင်ဂင်ဒါလ်းနှင့် ဇမ်ခေါထွန်းတို့အား ကလေးမြို့ရဲစခန်းက မယ(က)၁၄၇/၂၀၁၃၊ မူး/စိတ်ပုဒ်မ ၁၅/၁၆(ခ)/၂၁ ဖြင့် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ဂျိုးနက်)**

## ကားနှင့်ဆိုင်ကယ် မျက်နှာချင်းဆိုင်တိုက် ဆိုင်ကယ်စီးသူသေဆုံး

**သာစည် ဒီဇင်ဘာ ၂၃**

သာစည်မြို့နယ် ယင်းမာပင်ရဲစခန်းအပိုင် ရဲစခန်းအရှေ့ဘက် ရှစ်မိုင်ကွာ မိတ္ထီလာ-တောင်ကြီးသွားကားလမ်း ပြည်ညောင်ရွာ မိုင်တိုင်အမှတ် (၄၂)အနီးတွင် ဒီဇင်ဘာ ၂၀ ရက် ည ၇ နာရီခွဲက မိတ္ထီလာမှ တောင်ကြီးသို့ ကျောက်ပန်းတောင်းမြို့ အောင်မင်္ဂလာကွက်သစ်နေ ယာဉ်မောင်း ဟိန်းပြည့်စုံနိုင် မောင်းနှင်လာသော ၄ဃ/---(HYUNDA) (၂၂)ဘီးယာဉ်နှင့် ပြည်ညောင်ရွာနေ သန့်ဇင်မြင့်(၁၉)နှစ် စီးနင်းလာသည့် နံပါတ်မပါဆိုင်ကယ်တို့ မျက်နှာချင်းဆိုင် တိုက်မိကြသည်။ ဆိုင်ကယ်နှင့်ယာဉ်တိုက်မိ၍ ဆိုင်ကယ်စီးသူ သန့်ဇင်မြင့်မှာ ဦးခေါင်းကြေမွ၊ ရင်အုံကျိုးပဲ့၊ ခြေထောက်ကျိုး၍ နေရာတွင်ပင် သေဆုံးသွားခဲ့သည်။ ထို့ကြောင့် ယင်းမာပင်ရဲစခန်းက ယာဉ်(ပ) ၁၇/၂၀၁၃၊ ပုဒ်မ ၃၀၄-က ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **တင်လှိုင်(မိတ္ထီလာ)**




**သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**



# သံတွဲမြို့နယ် သပြုချိုင်ကျေးရွာစာသင်ကျောင်းဆောင်နှင့် ဆေးပေးခန်းအဆောက်အအုံသစ်လှူဒါန်းပွဲ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၃**

သံတွဲမြို့နယ် သပြုချိုင်ကျေးရွာ စာသင်ကျောင်းဆောင်နှင့် ဆေးပေးခန်းအဆောက်အအုံသစ်လှူဒါန်းပွဲနှင့် ပန္နက်တင်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် အဆိုပါ ကျေးရွာ၌ ကျင်းပသည်။

ယနေ့ကျင်းပသည့် အခမ်းအနားမှာ သီတဂူဆရာတော်ကြီး ဒေါက်တာအရှင်ဉာဏိဿရ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် အလှူရှင် ဒေါ်ရွှေဥ(ရွှေဥရတနာရွှေဆိုင်)က လှူဒါန်းသည့် ဆေးပေးခန်းနှင့် ဂျပန်နိုင်ငံမှ အလှူရှင် မစ္စတာအစ်ကအကီရိနိုရိက လှူဒါန်းသည့် ကျောင်းဆောင်သစ်များ လှူဒါန်းပွဲနှင့်ပန္နက်တင်ပွဲ အခမ်းအနားဖြစ်သည်။

အခမ်းအနားတွင် အလှူရှင် ဒေါ်ရွှေဥက ဆေးပေးခန်းဆောက်လုပ်ရန် ငွေကျပ်သိန်း ၅၀၀**(အပေါ်ပုံ)**နှင့် ဂျပန်နိုင်ငံမှ အလှူရှင်တို့ လှူဒါန်းသော ငွေကျပ် သိန်း ၅၀၀တို့ကို အလှူရှင်ဒေါ်ရွှေဥနှင့် ဒေါက်တာခင်ခင်ထားတို့က အသီးသီး လှူဒါန်းပေးအပ်ကြသည်။ ထို့နောက် ဒေသဖွံ့ဖြိုးရေးအတွက် သီတဂူအလှူရှင်များက စုပေါင်းလှူဒါန်းသည့် ငွေကျပ် ၂၅ သိန်းကို ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်ကလက်ခံပြီး ဘာသာပေါင်းစုံလူငယ်များအဖွဲ့က လှူဒါန်းသည့် ဆန်အိတ် ၃၀ နှင့် အဝတ်အထည်များကို ကျေးရွာအုပ်ချုပ်ရေးမှူးက လက်ခံသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ရပ်မိရပ်ဖ ဦးထွန်းခင်နှင့် ဦးဇော်မင်းလတ်တို့က ဆေးပေးခန်းနှင့် ကျောင်းဆောင်သစ်တို့ကို ပန္နက်တင်ပေးကြသည်။

ယနေ့လှူဒါန်းသည့် မူလတန်းကျောင်းဆောင်သစ်နှင့် ဆေးပေးခန်းကို သုံးလအတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်ဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များနှင့်အတူ ဒီဇင်ဘာ ၂၂ ရက် မွန်းလွဲပိုင်းတွင် ဂျိတ္တောကျေးရွာရှိ ငပလီကမ်းခြေ ရှောင်ကွင်းလမ်းဖောက်လုပ်ရေးလုပ်ငန်းခွင်၌ ကြည့်ရှုစစ်ဆေးပြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ငပလီ ရွှေဝါချိုင် အော်တိုအိတ်ချိန်းကိုလည်းကောင်း၊ ငပလီ-ဂျိတ္တောလမ်း၊ ငပလီ-မဇင်လမ်း နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်းခွင်ကိုလည်းကောင်း၊ ဇီးဖြူကုန်း ရေလှောင်တမံတည်ဆောက်ရေးလုပ်ငန်းခွင်ကို လည်းကောင်း၊ သံတွဲခတ်အားခွဲရုံ တည်ဆောက်နေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# သတ္တမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အထူးအစည်းအဝေးကျင်းပမည်

**နေပြည်တော် ဒီဇင်ဘာ ၂၃**

သတ္တမအကြိမ်နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ အထူးအစည်းအဝေးကို ၁၃၇၅ ခုနှစ် ပြာသိုလပြည့်ကျော် ၅၊ ၆ ရက် [၂၀၁၄ ခုနှစ် ဇန်နဝါရီ ၂၀ နှင့် ၂၁ ရက် (တနင်္လာ၊ အင်္ဂါနေ့)]များတွင် ကျင်းပမည်ဖြစ်ရာ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများနှင့် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများသည် ၁၃၇၅ ခုနှစ် ပြာသိုလပြည့်ကျော် ၄ ရက်(၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၉ ရက်) တနင်္ဂနွေနေ့နောက်ဆုံးထား၍ ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေသို့အရောက် ကြွရောက်တော်မူပါရန်ပင့်စာများဖြင့် ပင့်လျှောက်ထားပြီးဖြစ်ပါကြောင်း၊ ပင့်စာများအချိန်မီမရောက်ရှိပါကလည်း အထက်ပါနေ့ရက်များတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေသို့ အရောက်ကြွရောက်တော်မူကြပါရန် ပင့်လျှောက်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြို့ပတ်အဲကွန်းရထားခရီးစဉ်တစ်လျှောက် ဘူတာများအားလုံးတွင် ရပ်တန့်မည်ဖြစ်ပြီး မြို့ပတ်တွဲဆိုင်းသစ်တစ်ခု ထပ်မံတိုးချဲ့ပြေးဆွဲမည်

**ရန်ကုန် ဒီဇင်ဘာ ၂၃**

အောက်တိုဘာ ၅ ရက်က စတင်ပြေးဆွဲခဲ့သော ရန်ကုန်မြို့ပတ်အဲကွန်းရထား RBE အဆင့်မြင့်တွဲဆိုင်းများအား ရပ်တန့်ဘူတာ ၁၄ ဘူတာတွင် ခရီးစဉ်ခေါက်ရေ ရှစ်ခေါက်ဖြင့် မြန်မာ့မီးရထားလုပ်ငန်းက လက်ရှိပြေးဆွဲပေးနေရာမှ ယခုအခါ ခရီးသွားပြည်သူများ၏ တောင်းဆိုချက်များအရ မကြာမီကာလအတွင်း ရန်ကုန်မြို့ပတ်အဲကွန်းရထားပြေးဆွဲပေးနေသော ခရီးစဉ်တစ်လျှောက်ရှိ ဘူတာများအားလုံးတွင် ရပ်တန့်ပေးသွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားလုပ်ငန်းမှ သိရသည်။

ထို့အပြင် မြို့ပတ်ခရီးစဉ်များအတွင်း မြစ်ငယ်(လူစီးတွဲနှင့် ကုန်တွဲစက်ရုံ)မှ အသစ်တည်ဆောက်ထားသော လူစီးတွဲ ခြောက်တွဲပါ တွဲဆိုင်းသစ်အား မြို့ပတ်ခရီးစဉ်များအတွင်း လက်ရှိပြေးဆွဲပေးနေရာမှ မကြာမီကာလအတွင်း မြို့ပတ်လမ်းခရီးစဉ်အသစ်တစ်ခု၌ အဆိုပါ မြစ်ငယ်(လူစီးတွဲနှင့် ကုန်တွဲစက်ရုံ)မှ အသစ်တည်ဆောက်ထားသော လူစီးတွဲ ခြောက်တွဲပါ တွဲဆိုင်းသစ်တစ်ခုဖြင့် ထပ်မံတိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်ပြီး ခရီးစဉ်လမ်းကြောင်းများနှင့် ရပ်တန့်ပေးသွားမည့် ခရီးစဉ်ဘူတာများအား မကြာမီကာလအတွင်း အများပြည်သူများအတွက် ထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

လက်ရှိ မြန်မာ့မီးရထားလုပ်ငန်းမှ မြို့ပတ်ရထားစီး ခရီးသည်ဦးရေ တိုးတက်များပြားလျက်ရှိနေကြပြီး မြို့ပတ်ရထား ခရီးစဉ်အကွာအဝေး အချိန်မှာ ၂ နာရီ မိနစ် ၅၀ ကြာမြင့်ကြောင်း သိရသည်။ အဆိုပါ အကောင်အထည်ဖော်စီမံဆောင်ရွက်ချက်များမှာ ယာဉ်ကြောပိတ်ဆို့မှုများကို နိစ္စဓူဝကြုံတွေ့နေကြရသော အများပြည်သူများအတွက် မြန်မာ့မီးရထားလုပ်ငန်းမှ ဝိုင်းဝန်းဖြေရှင်းဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း မြန်မာ့မီးရထားလုပ်ငန်းမှ စုံစမ်းသိရသည်။ **(စိုးဝင်း- MLA)**









## ၁၉၈၃-၈၈ခုနှစ် ဆေး(၁)ကျောင်းသူ၊ ကျောင်းသားများ၏ ဆရာကန်တော့ပွဲနှင့်မိတ်ဆုံစားပွဲဖိတ်ကြားခြင်းအစီအစဉ်

ငွေရတုအထိမ်းအမှတ် ဆရာကန်တော့ပွဲနှင့် မိတ်ဆုံစားပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်သောကြောင့် ရပ်ဝေးရပ်နီးသူငယ်ချင်းများ စုံညီစွာပါဝင်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၂၀၁၃ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက် (စနေနေ့)

အချိန်နှင့်နေရာ - နံနက် ၉ နာရီ (ဆေးတက္ကသိုလ်-၁၊ စာကြည့်တိုက်ဟောင်းမှာ ဆရာများကိုကန်တော့ကြမည်။)
ညနေ ၆ နာရီ (ပန်ဒါဟိုတယ်၊ မင်္ဂလာခန်းမ၊ ၁၀-ထပ်မှာ ပျော်ပျော်ပါးပါး ဆုံကြမည်။)












# ဂုဏ်ယူဝမ်းမြောက်ခြင်းမှတ်တမ်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ပုံရိပ်ကို ကမ္ဘာ့အလယ်တွင် မြှင့်တင်ပေးနိုင်ခဲ့သည့် (၂၇)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးကို အိမ်ရှင်နိုင်ငံအဖြစ် အောင်မြင်စွာလက်ခံကျင်းပ နိုင်ခဲ့သော နိုင်ငံတော်သမ္မတကြီးဦးဆောင်သည့် နိုင်ငံတော်အစိုးရအဖွဲ့၏ စီမံခန့်ခွဲမှု၊ အားကစား ပြိုင်ပွဲအသီးသီးတွင် ရွှေတံဆိပ်(၈၆)ခု၊ ငွေတံဆိပ်(၆၂)ခု၊ ကြေးတံဆိပ်(၈၅)ခုဖြင့် နိုင်ငံအလိုက် ဒုတိယ အဆင့်ရရှိအောင်စွမ်းဆောင်နိုင်ခဲ့သော မြန်မာ့လက်ရွေးစင်အားကစားမောင်မယ်များ၏ သာလွန်သော ကြိုးစားအားထုတ်မှုများနှင့် အောင်မြင်မှုများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများမှ လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစု







## မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်

**နေပြည်တော် ဒီဇင်ဘာ ၂၃**

**ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့်သာယာခဲ့သည်။ ညအပူချိန်များမှာ ပဲခူးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့်ကရင်ပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်ထိ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့် မြောက်ပိုင်း)၊ ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ လျော့နည်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** ဟားခါးမြို့တွင် (-၁)ဒီဂရီစင်တီ ဂရိတ်၊ လွိုင်လင်မြို့တွင် သုညဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့နှင့် ပြင်ဦးလွင်မြို့တို့တွင် ၂ ဒီဂရီစင်တီဂရိတ်စီ၊ ဟဲဟိုးမြို့နှင့် မိုးကုတ်မြို့တို့တွင် ၃ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။

## "အသိပေးအကြောင်းကြားခြင်း"

ကချင်ပြည်နယ်၊ မိုးကောင်း-ဖားကန့်လမ်းအား တန်(၆၀)ခံနိုင်ဝန်အားရှိ လမ်းနှင့် တံတားများအဖြစ် အဆင့်မြှင့် တင်ပြုပြင်ရာတွင် ကချင်ပြည်နယ်ရှိ ကျောက်စိမ်းတူးဖော် ရေးလုပ်ငန်းလုပ်ကိုင်နေကြသော လုပ်ငန်းပိုင်ရှင်ကုမ္ပဏီများမှ ထည့်ဝင်ကြရမည့် သတ်မှတ်နှုန်းထား၏ (၃)ပုံ(၁)ပုံအား ၁၅-၁-၂၀၁၄ ရက် နောက်ဆုံးထား ပေးသွင်းသွားရန်နှင့် မြစ်ကြီးနားမြို့၊ မြန်မာ့စီးပွားရေးဘဏ်ခွဲ၊ ငွေစာရင်းအမှတ်-CF-၀၀၂၅၆၁ သို့ပေးပို့သွားရန် အသိပေး အကြောင်းကြား အပ်ပါသည်။

## ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

- မြောက်ဒဂုံ၊ ၃၃ရပ်ကွက်၊ ဆရာစံလမ်းမကြီးပေါ် ပေ(၄၀×၆၀) - ကျပ်သိန်း ၁၆၀၀
- အရှေ့ဒဂုံ အမှတ်(၂)လမ်းမကြီးနှင့် အောင်မြင့်မိုလမ်းမပေါ် ပေ(၄၀×၆၀)၊ ၂ကွက်တွဲ - ကျပ်သိန်း ၁၆၀၀
- ရွှေပြည်သာမြေတိုင်း(င-၁၂) ပေ(၆၀×၆၀) - ကျပ်သိန်း ၁၀၀၀

ဖုန်း-၀၉-၅၃၀၁၅၆၃၊ ၀၉-၇၃၀၀၆၀၀၇၊ ၀၉-၅၁၂၉၂၄၉

## အမြန်ရောင်းမည်

ပေ(၉၀)×ပေ(၁၀၀)၊ အရှေ့လှည့်၊ တောင်လှည့်
နံကပ်(၂)ထပ်တိုက်ပါ ပေ(၃၀×၄၀)
သဇင်လမ်း၊ ၅၇×၅၈လမ်းကြား
၂၆(B)လမ်း×၂၇လမ်းကြား
ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့။

ဖုန်း-၀၉-၂၀၅၈၇၈၃၊ ၀၉-၉၁၀၀၉၈၈၈



# ရေတာရှည်မြို့နယ်ထွက်အုတ် ဝယ်လိုအားမြင့်တက်

**ရေတာရှည် ဒီဇင်ဘာ ၂၃**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်းရှိ အုတ်လုပ်ငန်းလုပ်ကိုင်သူများသည် ရန်ကုန်မြို့တည်ဆောက်ရေးလုပ်ငန်းများက နယ်ဆင်းကာအုတ်များဝယ်ယူလျက်ရှိရာအလျှံမီအောင် ထုတ်လုပ်နေရကြောင်း သိရသည်။

ရန်ကုန်မြို့တွင် တည်ဆောက်ရေးလုပ်ငန်းများ အရှိန်အဟုန်မြင့်လုပ်ဆောင်လျက်ရှိ၍ ဈေးကွက်အတွင်း အုတ်ပြတ်လပ်မှုနှင့်ကြုံရကာ ယခုကဲ့သို့ နယ်မြေဒေသများတွင် ဝယ်ယူကြခြင်းဖြစ်ကြောင်း အုတ်လုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ပြောသည်။ "ဒီမှာ အထိုင်ဈေးကတစ်လုံးကို ကျပ် ၃၀ ကျတယ်၊ အနီးပတ်ဝန်းကျင်ကို ပို့ရင် ၃၆ ကျပ်နဲ့ရောင်းရတယ်၊ ရန်ကုန်ဝယ်လက်က ထင်းအုတ်ကို မကြိုက်ဘူး၊ အကျက်မညီလို့၊ ကျွန်တော်တို့ဆီမှာက စပါးခွံဖွဲမီးပဲသုံးတာ၊ အုတ်ကျက်နှုန်းကောင်းတာပေါ့"ဟု ၎င်းက ပြောပြသည်။ အုတ်လုပ်ငန်းလုပ်ကိုင်သူများ အချိန်အခါမဟုတ် မိုးများကြောင့် ပျက်စီးမှုကြုံတွေ့ခဲ့ရသော်လည်း ဝယ်လိုအားကြောင့် ယခင်နှစ်များကထက် ဈေးကွက်ကောင်းမွန်ရန် မျှော်လင့်လျက်ရှိသည်။ ရေတာရှည်မြို့နယ် ငါးကြီးကွေ့၊ ထောက်ကြန့်ကွင်း၊ ဘိုးတော်ကုန်း အစရှိသည့် ဒေသများတွင် အုတ်လုပ်ငန်းကိုအဓိကလုပ်ကိုင်လျက်ရှိပြီး နေ့စဉ်လုပ်သားအဆိုင်းများခွဲကာ ဈေးကွက်ဝယ်လိုအား ပြည့်မီအောင် လုပ်ကိုင်နေရကြောင်း သိရသည်။ **(၅၇၈)**



# မောက်မယ်၌ သန်းခေါင်စာရင်းကောက်ယူရေးရှင်းလင်းဆွေးနွေး

**မောက်မယ် ဒီဇင်ဘာ ၂၃**

ရှမ်းပြည်နယ် လင်းခေးခရိုင် မောက်မယ်မြို့နယ် ကုန်းလမ်းရပ်ကွက် မိုင်းပုတ်ဘုန်းတော်ကြီးကျောင်း၌ ဒီဇင်ဘာ ၂၀ ရက် ညနေ ၆ နာရီက ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း ဆိုင်ရာ ဆွေးနွေးပွဲကျင်းပသည်။

အဆိုပါဟောပြောပွဲကို မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုင်းမြသိန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့က ရပ်ကွက်နေပြည်သူများကိုပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူချိန်တွင် မေးမြန်းမည့် မေးခွန်းများနှင့်ပတ်သက်၍ ပိုမိုသိရှိနားလည်စေရန် အကျယ်တဝင့် ရှင်းလင်းဟောပြောကြသည်။

ဟောပြောချက်များနှင့်ပတ်သက်ပြီး ပြည်သူများက မိမိတို့သိလိုသောအချက်များကိုမေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။ **စိုင်းမျိုးသန့်(ပြန်/ဆက်)**

# ကြည့်မြင်တိုင်ကမ်းနားလမ်းတွင် ကွန်တိန်နာယာဉ်နှစ်စီးတိုက်

**ရန်ကုန် ဒီဇင်ဘာ ၂၃**

ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် ကမ်းနားလမ်း စာတိုက်မှတ်တိုင်ရှေ့၌ ဒီဇင်ဘာ ၂၁ ရက် ည ၉ နာရီခွဲတွင် ဆောက်လုပ်ရေးသံချောင်းများ တင်ဆောင်လာသည့် ကွန်တိန်နာယာဉ်အမှတ် ၅ခ/. . . . သည် ကမ်းနားလမ်းအတိုင်း သုံးထောင်ကွေ့ဘက်သို့မောင်းနှင်လာရာ ရှေ့မှမောင်းနှင်နေသည့် ကွန်တိန်နာယာဉ်အမှတ် ၅ခ/. . . . . ယာဉ်မှာ ရုတ်တရက်ဘရိတ်အုပ်လိုက်သဖြင့် ယာဉ်နောက်ပိုင်းအားဝင်တိုက်မိရာ ဦးခေါင်းပိုင်းကြွေမွပျက်စီးပြီး ယာဉ်မောင်းတွင် ဒဏ်ရာအနည်းငယ်ရရှိသွားသဖြင့် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ထိန်ဝင်း (ကြည့်မြင်တိုင်)**



# ပရိုဘောက်ယာဉ်နောက်မှ ဆိုင်ကယ်ဝင်တိုက်၍ ဆိုင်ကယ်စီးသူ သေဆုံး

**ရန်ကုန် ဒီဇင်ဘာ ၂၃**

ရန်ကုန် မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်တွင် ဒီဇင်ဘာ ၂၁ ရက် ည ၁၂ နာရီ မိနစ် ၂၀ ခန့်တွင် အင်းစိန်မြို့နယ် အောက်မင်္ဂလာဒုံလမ်းမကြီး ရွာမအရှေ့ရပ်ကွက်တွင် မြောက်မှတောင်သို့ မောင်းနှင်လာသော ပရိုဘောက်မော်တော်ယာဉ်သည် ကြက်သွန်နီစားသောက်ဆိုင်ရှေ့တွင် ရုတ်တရက်ဘရိတ်အုပ်ရပ်တန့်လိုက်ရာ နောက်မှ ဆိုင်ကယ်စီးနင်းလာသည့် စည်ပင်ဝန်ထမ်းဖြစ်သူ ဦးမြင့်သူက ယာဉ်နောက်မှဝင်တိုက်မိရာ ယာဉ်နောက်ဖုံး ပျက်စီး၊ နောက်လေကာမှန်ကွဲကြေ၊ ယာဉ်မောင်းအမည်မသိ (ထွက်ပြေး)၊ ဆိုင်ကယ်တိမ်းမှောက်၍ စီးနင်းလာသူ ဦးမြင့်သူမှာ မျက်နှာ၊ နှာခေါင်း၊ ပါးစပ်သွေးထွက်ဒဏ်ရာရ၍ အင်းစိန်ဆေးရုံကြီးမှတစ်ဆင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့တင်ပို့ကုသရာ နံနက် ၉ နာရီ ၄၅ မိနစ်တွင် သေဆုံးသွားသည်။

ယာဉ်မှုစစ်က အမှတ်စဉ် ပ/၁၇၀/၂၀၁၃ဖြင့် အမှုဖွင့်၍ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၄(က)အရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(၆၈၄)**

# မလှိုင်မြို့၌ ကျောင်းဆောင်သစ်ဖွင့်

**မလှိုင် ဒီဇင်ဘာ ၂၃**

ဂျပန်အစိုးရနှင့် ပြည်သူတို့မှ လှူဒါန်းသော ကံ့ကော်ကျောင်းဆောင်သစ်၊ သန့်စင်ခန်းများနှင့် ပရိဘောဂပစ္စည်းများပညာရေးဌာနသို့လွှဲပြောင်းပေးအပ်ပွဲကို ဒီဇင်ဘာ ၂၀ ရက် နံနက် ၁၀ နာရီက မလှိုင်မြို့နယ် ကံကြီးကျေးရွာအမက၌ ကျင်းပသည်။

ရှေးဦးစွာ ကံ့ကော်ကျောင်းဆောင်သစ်ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သိန်းလှိုင်၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးအတွင်းဝန် မစ္စတာဂိုနာကာရနှင့် မြို့နယ်ပညာရေးမှူး ဒေါ်စန်းရီတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဂျပန်သံအမတ်ကြီးကိုယ်စား အတွင်းဝန်က လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကျောင်းဆောင်သစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို မြို့နယ်ပညာရေးမှူးဒေါ်စန်းရီထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

ယနေ့ဖွင့်လှစ်ခဲ့သော ကံ့ကော်ကျောင်းဆောင်သစ်မှာ အလျားပေ ၁၀၀၊ အနံပေ ၃၀ ရှိ သွပ်မိုး၊ အုတ်ကာ အာရ်စီ တစ်ထပ်အဆောက်အအုံဖြစ်၍ သန့်စင်ခန်း၊ ပရိဘောဂပစ္စည်းများအပါအဝင် စုစုပေါင်း အမေရိကန်ဒေါ်လာ ၉၁၉၉၆ တန်ဖိုးရှိပြီး ဂျပန်အစိုးရ၏ ၂၀၁၂ ခုနှစ် အသေးစားစီမံကိန်းများ ထောက်ပံ့ရေး အစီအစဉ်အရ ဂျပန်အစိုးရနှင့် ပြည်သူတို့က လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(အောင်ဌေး- မလှိုင်)**







# လှပမှုရေးရာ အဖြေရှာ



အလှပြင်တဲ့အခါ မကြာခဏတွေ့ကြုံရလေ့ရှိတဲ့ ပြဿနာလေးတွေကို ရိုးရှင်းလွယ်ကူတဲ့နည်းလေးတွေနဲ့ အောက်ပါအတိုင်းအဖြေညှိလိုက်ကြရအောင်-

(၁) ပွထောင်နေတဲ့ ဆံပင်တွေအတွက် အုန်းဆီ၊ ခေါင်းလိမ်းဆီက သပ်သပ်ရပ်ရပ်ဖြစ်စေသော်လည်းပဲ ဆီ(လုံး၀)မကြိုက်သူများအတွက် baby hair oil (ခေါ်) ကလေးခေါင်းလိမ်းဆီလေးတွေလိမ်းပေးပါ(သို့မဟုတ်) ဆံပင်ကို အပေါ်ကနေ hairspray ဖျန်းပေးပါ။

(၂) နှုတ်ခမ်းဆိုးဆေးအနီရဲရဲတွေကို တစ်ခါတလေမှသုံးသူများက လက်မငြိမ်ဘဲဆိုးမိတာကြောင့် အခန့်မသင့်ရင် ဆေးတွေဘေးသို့ပြန့်သွားတတ်ပါတယ်။ အဲဒီလိုမဖြစ်စေဖို့ ဦးစွာအနီရောင်နဲ့ အနီးစပ်ဆုံးတူတဲ့ နှုတ်ခမ်းဆိုးဆေးခဲတံလိုင်နာဖြင့် နှုတ်ခမ်းကိုအနားသတ်လိုင်းဖော်ရပါမယ်။ ပြီးမှအနီရဲရဲနှုတ်ခမ်းနီကိုဆိုးပေးပါ။

(၃) ဆောင်းတွင်းမှာ အသားပပ်လို့ ခြေသလုံးတွေပပ်ကြားအက်နေခြင်းအတွက် ထွေထွေထူးထူးစဉ်းစားမနေပါနဲ့။ အုန်းဆီသုံးစက်လောက်ကို လက်ထဲလောင်းချ၍ လက်ဖဝါးနှစ်ဖက်ကိုပွတ်ကာ ခြေသလုံးသားထဲစိမ့်ဝင်သွားအောင် ပွတ်သပ်လိမ်းပေးပါ။

(၄) အကြောင်းတစ်ခုခုကြောင့် လက်သည်းတွေပဲ့ထွက်တဲ့အခါ လက်သည်းညှပ် အလွယ်တကူမရှိဘူးဆိုပါစို့။ ဥပမာ ပွဲနေသောလက်ညှိုးရဲ့လက်သည်းကို လက်မရဲ့လက်သည်းဖြင့် လက်သည်းချင်းပွတ်ကုတ်ပေးပါ (သို့မဟုတ်) မိမိဝတ်ဆင်ထားတဲ့ပိတ်စကြမ်းကြမ်းအဝတ်ထည်ဖြင့် အဲဒီလက်သည်းကိုပွတ်တိုက်ပေးပါ။ (လက်သည်းညှပ်သေးသေးလေးတွေ၊ ဆံညှပ်နဲ့တွယ်ချိတ်လေးတွေကို ခရီးသွားဟန်လွှဲအရေးပေါ်သုံးနိုင်အောင် ပိုက်ဆံအိတ်ထဲမှာ အမြဲဆောင်ထားသင့်ပါတယ်)

(၅) မျက်တောင်မွေးကို အလှပြင်တဲ့ Mascara တွေကို နည်းနည်းသာ သုံးသင့်ပါတယ်။ Mascara အမျိုးအစားတွေက တစ်ခုနဲ့တစ်ခု မတူညီတာကြောင့် မိမိသုံးနေကျ အမျိုးအစားမဟုတ်တဲ့ ပစ္စည်းအသစ်ကိုဝယ်တဲ့အခါ အရောင်းကောင်တာမှာ စမ်းသပ်၍သော်လည်းကောင်း၊ အရောင်းစာရေးကို ပစ္စည်းအသုံးပြုနည်းမေးမြန်း၍သော်လည်းကောင်း လေ့လာပြီးမှဝယ်ပါ။ အကယ်၍ Mascara သုံးတာများသွားတဲ့အခါ မျက်တောင်မွေးကိုသုံးတဲ့ ဘရက်ရှ်လေးဖြင့် အသာအယာဖြီးလိမ်းသုတ်သင်ပါ။

(၆) အမျိုးသားများ မုတ်ဆိတ်မွေးရိတ်တဲ့အခါ (သို့မဟုတ်) အမျိုးသမီးတွေ ချိုင်းမွေးနဲ့ ခြေသလုံးမွေးရိတ်တဲ့အခါ အမွေးရဲ့လားရာ လမ်းကြောင်းအတိုင်း သင်တုန်းဓားကို အလိုက်သင့်ရိတ်ပေးရပါမယ်။ အကယ်၍ အမွေးရဲ့လားရာလမ်းကြောင်းနဲ့ ဆန့်ကျင်ရိတ်တဲ့အခါ အရေပြားနာကျင်တတ်ပြီး မွေးညင်းပေါက်တွေပိတ်သွားတတ်ပါတယ်။ နာကျင်မှုသက်သာအောင်နဲ့ မွေးညင်းပေါက်တွေမပိတ်ရအောင် ရေဆွတ်၍ ရိတ်ပေးပါ။

(၇) မျက်ခုံးမွေးသွယ်သွယ်တန်းတန်းလေးဖြစ်အောင် ဓား(သို့မဟုတ်) ဇာဂနာဖြင့် အနားသပ်ညှိတဲ့အခါ တစ်ခါတစ်ရံ လက်လွန်ပြီး မျက်ခုံးမွေးတွေ ပါသွားတတ်ပါတယ်။ အဲဒီအခါ မိမိမျက်ခုံးမွေးအရောင်နဲ့ အနီးစပ်ဆုံးဆင်တူတဲ့မျက်ခုံးမွေးဆွဲခဲတံကိုသုံး၍ လိုအပ်တဲ့နေရာမှာ မျက်ခုံးမွေး ဖြည့်ဆွဲပေးလိုက်ပါ။

(၈) အချို့အမျိုးသမီးများက မိတ်ကပ်လိမ်းပြီးနောက် မိတ်ကပ်ညှိတဲ့ ဘရက်ရှ်(အမွေးလေးတွေ)ကို သုံးတတ်ကြပါတယ်။ အဲဒီဘရက်ရှ်တွေက ကြာလာတဲ့အခါ အမွေးလေးတွေလုံးခဲ၍ကျွတ်သွားတတ်ပါတယ်။ ဘရက်ရှ်သုံးလို့ ကောင်းစေဖို့အတွက် ကလေးရေချိုးဆပ်ပြာ အပျော့စားဖြင့်ဆေးကြောသန့်စင်၍ ဘရက်ရှ်တံရဲ့ အမွေးကိုအောက်သို့ထား၍ တွဲလောင်းချိတ်ကာ (လုံး၀) ခြောက်သွားတဲ့အထိ နေပူလှန်းပေးပါ။

(၉) အိုင်းလိုင်နာအရည်တွေ လေသလပ်ပြီး ပုလင်းဘူးလေးထဲမှာ ခြောက်ကပ် နေတယ်ဆိုပါစို့။ ရေတစ်စက် (သို့မဟုတ်) နှစ်စက်ထည့်၍ ပုလင်းလေးကိုနာနာလှုပ်ခါပြီး သုံးကြည့်ပါ။

**တင်ထက်ထက်ဇော်**

# သာစည်တွင် ယာဉ်တိုက်မှုဖြစ်ရာ ဆိုင်ကယ်မောင်းနှင်သူသေဆုံး

**သာစည် ဒီဇင်ဘာ ၂၃**

မိတ္ထီလာခရိုင် သာစည်မြို့နယ် ပြည်ညောင်ကျေးရွာအနီး မိတ္ထီလာ-တောင်ကြီးကားလမ်း မိုင်တိုင်အမှတ် (၄၂/၂ ) နှင့် (၄၂/၃) အကြား၌ ဒီဇင်ဘာ ၂၁ ရက် နံနက် ၇ နာရီခွဲခန့်က (၂၂)ဘီးယာဉ်နှင့် ဆိုင်ကယ်တို့ တိုက်မိရာမှ ဆိုင်ကယ်မောင်းနှင်သူ သေဆုံးမှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ မိတ္ထီလာဘက်မှ တောင်ကြီးဘက်သို့ ဟိန်းပြည့်စုံနိုင် အောင်မင်္ဂလာရပ် ကျောက်ပန်းတောင်းမြို့ နေထိုင်သူမောင်းနှင်လာသည့် ၄ဃ/-----Hyundai အမျိုးအစား (၂၂)ဘီး အဖြူရောင်ယာဉ်နှင့် တောင်ကြီးဘက်မှ မိတ္ထီလာဘက်သို့ သန့်ဇင်မြင့် (၁၉) နှစ် ပြည်ညောင်ကျေးရွာ သာစည်မြို့နယ်နေသူ မောင်းနှင်လာသည့် ယာဉ်နံပါတ်မပါ Cnica-125 အမျိုးအစား ဖြူစိမ်းကျားရောင် ဆိုင်ကယ်တို့ မျက်နှာချင်းဆိုင်တိုက်မိရာ ဆိုင်ကယ်မောင်း နှင်သူ သန့်ဇင်မြင့်မှာ နေရာတွင်ပင် သေဆုံးသွားခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဟိန်းပြည့်စုံနိုင်အား (ပ)၁၇/၂၀၁၃၊ ပြစ်မှုပုဒ်မ ၃၀၄-က ဖြင့် သာစည်မြို့နယ်ယင်းမာပင်ရဲစခန်းက အမှုဖွင့်အရေးထားကြောင်း သိရသည်။

**(၅၇၉)**

# ဒိုက်ဦးမြို့နယ်၌ ကားမှောက်၍ လူသုံးဦးသေ

**ဒိုက်ဦး ဒီဇင်ဘာ ၂၃**

ဒိုက်ဦးမြို့နယ် ဖောင်တော်သီရဲစခန်းအနောက် တစ်မိုင်ခန့်အကွာ ဖောင်တော်သီလမ်းသစ် ရန်ကုန်-မန္တလေး မိုင်တိုင်အမှတ် (၈၀/၂) အနီးတွင် ဒီဇင်ဘာ ၂၁ ရက် ည ၉ နာရီက ဒိုက်ဦးဘက်မှ ရန်ကုန်ဘက်သို့ ယာဉ်မောင်း ကိုသားကြီး(ခ) သက်ပိုင်ဦး ဒိုက်ဦးမြို့နေသူ ရေချိုငါးများတင်ဆောင် မောင်းနှင်လာသော ၄က/---- တိုယိုတာအပြာရောင် ခြောက်ဘီးယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်း၏နောက်ဘက်သို့ ထိုးကျတိမ်းမှောက်ခဲ့ရာ ယာဉ်ပေါ်ပါ ကိုငြိမ်းချမ်းဦးနှင့် ကိုသူမင်းလွင်တို့မှာ ဒဏ်ရာများရရှိခဲ့ပြီး မတူးမာ(ခ) မခိုင်ဇာလှိုင်၊ ဦးတင်စန်းနှင့် ဦးသိန်းမြင့်(ခ) ဦးကျားကြီး ဒိုက်ဦးမြို့နေသူ သုံးဦးတို့မှာ ကားအောက်တွင်ပိပြီး အခင်းဖြစ်ပွားရာနေရာတွင်ပင် သေဆုံးခဲ့သဖြင့် ယာဉ်မဆင်မခြင်မောင်းနှင်သူ ကိုသားကြီး(ခ) သက်ပိုင်ဦးအား ဖောင်တော်သီနယ်မြေရဲစခန်းက မတယ ၉/၂၀၁၃၊ ပြစ်မှု ပုဒ်မ ၃၃၈/၃၀၄/၂၀၂ အရ အရေးယူ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကျော်ကျော် (IPRD)**

စီးပွားရေးကြော်ငြာ

သင့်စီးပွားရေး အောင်မြင်ဖို့
ကြေးမုံသတင်းစာတွင် ကြော်ငြာစို့












သွေးသည်အသက်






# မြန်မာ–ကမ္ဘောဒီးယား နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မြဲရေး ဆွေးနွေး

နေပြည်တော် ဒီဇင်ဘာ ၂၃

**ကမ္ဘောဒီးယားနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E.Mr. Samdech Akka Moha Ponhea Chakrei Heng Samrin ၏ဖိတ်ကြားချက်အရ ကမ္ဘောဒီးယားနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သော ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် အဖွဲ့ဝင်များနှင့်အတူ ဒီဇင်ဘာ ၂၀ ရက် ညနေ ၄ နာရီတွင် ကမ္ဘောဒီးယားနိုင်ငံ ဘုရင့်နန်းတော်သို့ရောက်ရှိရာ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် H.E.Mr. Kong Som Ol က ခရီးဦးကြို နှုတ်ဆက်ခဲ့သည်။**

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❐

## ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ကျင်းပရန်ခေါ်ယူ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုလွှတ်တော်

ကြေညာချက်အမှတ် (၄/၂၀၁၃)

၁၃၇၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက်

(၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်)

**ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်နဝမပုံမှန်အစည်းအဝေး ကျင်းပရန်ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇၉၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၁၃ နှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ (ခ)တို့အရ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၇၅ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက် (၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်) တနင်္လာနေ့၊ ၁၃း၀၀ နာရီအချိန်တွင် စတင်ကျင်းပရန်ခေါ်ယူကြောင်း ကြေညာလိုက်ပါသည်။

**(ပုံ)သူရရွှေမန်း**
**နာယက**
**ပြည်ထောင်စုလွှတ်တော်**

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ သတင်းပို့ရန်

**နေပြည်တော် ဒီဇင်ဘာ ၂၃**

ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေးကို နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်(တနင်္လာနေ့) နံနက် ၁၀ နာရီတွင် စတင်ကျင်းပရန် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ခေါ်ယူထားရာ အဆိုပါ အစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်စာများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံသို့ ပေးပို့ထားပါသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အစည်းအဝေးအတွက် လိုအပ်သည့်ပြင်ဆင်မှုများ ပြုလုပ်နိုင်ရန် ဖိတ်စာလက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ နေပြည်တော် လွှတ်တော်ရုံးသို့ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက် (စနေနေ့)ထက်မစော ၁၂ ရက်(တနင်္ဂနွေနေ့)ထက် နောက်မကျစေဘဲ သတင်းပို့ကြရန်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ သတင်းပို့ရန်

**နေပြည်တော် ဒီဇင်ဘာ ၂၃**

ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးကို နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက် (တနင်္လာနေ့) နံနက် ၁၀ နာရီအချိန်တွင် စတင်ကျင်းပရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကခေါ်ယူထားရာ အဆိုပါအစည်းအဝေးသို့တက်ရောက်ရန် ဖိတ်စာများကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံသို့ ပေးပို့ထားပါသည်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အစည်းအဝေး ဖိတ်စာလက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ရေးရာဆောင် (I-19)သို့ **၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်ထက်မစော ၁၂ ရက်ထက်နောက်မကျစေဘဲ** သတင်းပို့ကြရန်နှင့် ကိုယ်စားလှယ်အသိအမှတ်ပြုလွှာနှင့်ကိုယ်စားလှယ် စိစစ်ရေးကတ်ပြားတို့ကို ယူဆောင်လာကြရန် ပန်ကြားအပ်ပါသည်။

**(သတင်းစဉ်)**

## ပြည်သူ့လွှတ်တော်အစည်းအဝေး ကျင်းပရန်ခေါ်ယူ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်သူ့လွှတ်တော်

ကြေညာချက်အမှတ်(၃/၂၀၁၃)

၁၃၇၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက်

(၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်)

**ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ကျင်းပရန်ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၆ နှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၅ တို့အရ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၇၅ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက် (၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်) တနင်္လာနေ့ နံနက် ၁၀း၀၀ နာရီတွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာလိုက်ပါသည်။

**(ပုံ) သူရရွှေမန်း**
**ဥက္ကဋ္ဌ**
**ပြည်သူ့လွှတ်တော်**

## အမျိုးသားလွှတ်တော်အစည်းအဝေး ကျင်းပရန်ခေါ်ယူ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အမျိုးသားလွှတ်တော်

ကြေညာချက်အမှတ် (၃/၂၀၁၃)

၁၃၇၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက်

(၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်)

**ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ကျင်းပရန်ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၅၅ နှင့် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၅ တို့အရ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၇၅ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက် (၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်) တနင်္လာနေ့ နံနက် ၁၀း၀၀ နာရီအချိန်တွင် စတင်ကျင်းပရန် ခေါ်ယူကြောင်း ကြေညာလိုက်ပါသည်။

**(ပုံ) ခင်အောင်မြင့်**
**ဥက္ကဋ္ဌ**
**အမျိုးသားလွှတ်တော်**



# အီဗရာဟီမိုဗစ်ချ် ၂၇ ဂိုးမြောက်သွင်းယူခဲ့သော်လည်း သရေရလဒ်ဖြင့်သာ ကျေနပ်ခဲ့ရသည့် ပီအက်စ်ဂျီ

ပြင်သစ်ပထမတန်းကလပ်အသင်းများ၏ ပွဲစဉ်(၁၉)ကို ဒီဇင်ဘာ ၂၂ ရက် ညနေပိုင်းက ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ ပီအက်စ်ဂျီအသင်းနှင့်လိုင်လီအသင်းတို့၏ ပွဲစဉ်တွင် ပီအက်စ်ဂျီအသင်းအတွက် ၂၇ ဂိုးမြောက်အဖြစ် တိုက်စစ်မှူးအီဗရာဟီမိုဗစ်ချ်အနေဖြင့် သွင်းယူပေးခဲ့သော်လည်း တစ်ဖက်နှစ်ဂိုးစီဖြင့်သရေရလဒ်သာဆောင်ကြဉ်းနိုင်ခဲ့သည်။

**စာမျက်နှာ ၁၃ ကော်လံ ၁ သို့** ❖

## ယနေ့ မာတိကာ

နားခိုရာအဆောင်
စာမျက်နှာ - ၂

မြန်မာအမျိုးသမီးများ၏ ယဉ်ကျေးသိမ်မွေ့လှသော ဝတ်စားဆင်ယင်မှု
စာမျက်နှာ - ၆

မြို့ပတ်အဲကွန်းရထား ခရီးစဉ်တစ်လျှောက် ဘူတာများအားလုံးတွင် ရပ်တန့်မည်ဖြစ်ပြီး မြို့ပတ်တွဲဆိုင်းသစ်တစ်ခု ထပ်မံတိုးချဲ့ပြေးဆွဲမည်
စာမျက်နှာ - ၁၂



709255,0951 36421

## မင်းဘူးအသင်း(ရန်ကုန်)
## နှစ်ပတ်လည်အစည်းအဝေးဖိတ်ကြားခြင်း

မင်းဘူးအသင်း(ရန်ကုန်)၏ (၆၄) ကြိမ်မြောက် နှစ်ပတ်လည်နေ့အစည်းအဝေး၊ နာယကကြီးများနှင့် သက်ကြီးအသင်းဝင်များပူဇော်ပွဲနှင့် ၂၀၁၂/၂၀၁၃ ခုနှစ် ပညာရည်ချွန်ဆုပေးပွဲများကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ မင်းဘူးအသင်း(ရန်ကုန်)အသင်းဝင် နာယကကြီးများ၊ အမှုဆောင်များ၊ အသင်းသူ/အသင်းသားများနှင့် အသင်းမဝင်ရသေးသူများ စုံညီစွာတက်ရောက်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

အလှူငွေထည့်ဝင်လိုသူများနှင့် ၂၀၁၂/၂၀၁၃ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဂုဏ်ထူးရ သားသမီးများစာရင်းကို ၅-၁-၂၀၁၄ ရက်နောက်ဆုံးထားပြီး ဗိုလ်မှူးသိန်းနိုင်(ငြိမ်း) ၀၉-၇၃၀၀၇၀၇၁၊ ဦးဝင်းမောင် ၀၁-၆၄၄၅၀၇၊ တက္ကသိုလ်စိန်တင် ၀၉-၅၀၀၈၈၆၄၊ ဦးကျော်သီဟ ၀၉-၃၁၂၅၇၁၇၄၊ ဒေါ်ခင်စိန်ဝင်း ၀၁-၅၆၀၆၁၁သို့ ဆက်သွယ်အကြောင်းကြားစေလိုပါသည်။

ကျင်းပမည့်နေ့ရက်နှင့်အချိန် - ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်(တနင်္ဂနွေနေ့)၊
နံနက် ၉နာရီမှ ၁၂နာရီထိ (နေ့လယ်စာဖြင့်ဧည့်ခံပါမည်)

ကျင်းပမည့်နေရာ - ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကြားတောရလမ်း၊
ကုန်သွယ်/လယ်ယာခမ္မာရုံ

**အလုပ်အမှုဆောင်အဖွဲ့**

## မင်္ဂလာဗျူဟာ အသင်းချုပ်
## (၃၅)ကြိမ်မြောက် တရားစခန်း

မင်္ဂလာဗျူဟာအသင်းချုပ်၏ (၃၅)ကြိမ် ဝိပဿနာတရားစခန်းကို ၃၀-၁၂-၂၀၁၃ ရက် ညနေ ၆ နာရီမှ ၇-၁-၂၀၁၄ ရက် နံနက် ၆ နာရီအထိ ကျင်းပမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများ ကြိုတင်စာရင်းပေးသွင်းနိုင်ကြပါသည်။ ဆွမ်း၊ အချိုပွဲ၊ နဝကမ္မအလှူများ အချိန်မရွေးမိလှူဒါန်းနိုင်ပါသည်။

**အမှုဆောင်အဖွဲ့**
**အာဇာနည်လမ်း၊ ဗဟန်း**
**ဖုန်း-၀၁-၃၇၀၉၅၈၊ ၀၁-၃၇၅၇၅၉**


Driver ... ကျား - ၁
Office Staff ... ကျား - ၁

Japan Kubota ... (DC70)
Somalika, Johndeer ... (901IP)
Ph: -01-379707/09-43009665/09-73210159

45,33,25 (AC-Express) 14 ... (9,7-Hiace)
Alphard, Crown, Mark X, Mark II
Ph : 09-5168997 , 09-5089880 , 09-421743335

M.D ... (ALL FOR ONE CO.,LTD)

Ph: 552742, 09 5060940, 09 5060938
559320, 09 8634090, 09 73580535


## အများသိစေရန်

**ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ လှည်းကူးမြို့နယ်၊ ကျွန်းကလေးကျေးရွာအုပ်စု၊ ကွင်းအမှတ် (၉၈၈ᵃ)၊ သာယာကုန်းကွင်း၊ ဦးပိုင်အမှတ်(၁၃+၁၄)၊ ဧရိယာ(၁. ၃၂)ဧကရှိ မြေကွက်အပါအဝင်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ အများသိစေရန်**

မြေပြေစာအမည်ပေါက် ထွက်ရှိသူများမှာ (ဦးထွန်းကြွယ်)နှင့်(ဦးဖိုးလုံး)အမည်ပေါက်ဖြစ်သည်။

ယခုအခါ(ဦးထွန်းကြွယ်)နှင့် (ဦးဖိုးလုံး)တို့သည် ကွယ်လွန်သွားပြီဖြစ်သောကြောင့် (ဦးထွန်းကြွယ်)၏ အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူများ၏ တရားဝင်သဘောတူညီခွင့်ပြုချက်မရဘဲ အထက်ဖော်ပြပါ မြေကွက်အား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းစွန့်လွှတ်လှူဒါန်းခြင်း၊ အမည်ပေါက် ပြေစာအမည် ပြောင်းလဲခြင်းတို့ လုံးဝမပြုလုပ်ပါရန်နှင့် အများသိစေရန် အသိပေးအကြောင်းကြားအပ်ပါသည်။

**၁။ ဒေါ်ခင်စန်းမြင့်[၁၂/လကန(နိုင်)၉၈၈၂၄၇]**
**၂။ ဒေါ်ခင်စန်းဝေ[၁၂/လကန(နိုင်)၀၈၈၉၆၄]**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၅၆)၊ မြေကွက်အမှတ်(၇၀၄)၊ အမည်ပေါက်ဦးသိန်းဝင်း(HGU-၀၆၉၁၂၄)မှ မြေချပါမစ်ပြုလုပ်ပေးပါရန်လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း ဤဦးစီးဌာနသို့လာရောက်၍ သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများ တင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းအသိပေးကြော်ငြာအပ်ပါသည်။

**မြေယာရုံးခွဲ(၆)**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၅၅)၊ မြေကွက်အမှတ်(၆၃၁) အမည်ပေါက် ဒေါ်ကျင်အေး[၁၂/သဃက(နိုင်)၀၉၄၈၈၁]မှ မြေချပါမစ်ပြုလုပ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၁၅)ရက်အတွင်း ဤဦးစီးဌာနသို့လာရောက်၍ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

**မြေယာရုံးခွဲ(၆)**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## ၂၉-၁၁-၂၀၁၃ ကြေးမုံသတင်းစာ၊ စာမျက်နှာ(၈)ပါ ဦးအောင်သန်း[၁၂/လမန(နိုင်)၀၀၈၇၈၇]၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးတင်ဝင်း(တရားလွှတ်တော်ရှေ့နေ)၏ အများသိစေရန်ကြေညာနှင့်ပတ်သက်၍ ပြန်လည်ရှင်းလင်းကြေညာခြင်း

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်းတောင်အနောက်ရပ်ကွက်၊ ဦးကြွယ်ဟိုးလမ်း၊ အမှတ်(၄၈)နေ ကွယ်လွန်သူ ဒေါ်ခင်ခင်၏ သားသမီးများဖြစ်ကြသော (၁)ဒေါ်ညွှန့်ညွှန့်ဝေ၊ (၂)ဒေါ်သန်းသန်းနွယ်၊ (၃)ဦးလှမင်း၊ (၄)ဒေါ်နွဲ့နွဲ့အေး၊ (၅)ဒေါ်သီသီစိုးတို့၏ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်။

ကြည့်မြင်တိုင်မြို့နယ်၊ ဦးကြွယ်ဟိုးလမ်း၊ အမှတ်(၄၈)ဟုခေါ်တွင်သော တစ်ထပ်ခွဲတိုက်နှင့် တိုက်တည်ရှိရာ ကြည့်မြင်တိုင်အနောက်တိုက်နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၆-ဘီ၊ဘီ-၁)၊ မြေကွက်အမှတ်-၁၆၆၊ ဧရိယာ ပေ(၂၅×၅၀)ရှိ ဂရန်မြေကွက်သည် ကွယ်လွန်သူ ဒေါ်ကျင်စိန်အမည်ဖြင့်တည်ရှိပြီး ၎င်းမြေကွက်ကို ၁၉၇၅ခုနှစ်၊ဇန်နဝါရီလ ၂ ရက်၌ ဒေါ်ကျင်စိန်၏ သားသမီးများဖြစ်ကြသော (၁)ဦးအောင်သိန်း၊ (၂)ဦးဝင်းမောင်၊ (၃)ဦးအောင်သန်း၊ (၄)ဦးကျော်မြင့် (ခ) ဦးမြင့်ဆွေနှင့် (၅)ဒေါ်ခင်ခင်တို့က ပိုင်ဆိုင်ကြောင်း မှတ်ပုံတင်ကြေညာစာချုပ်အမှတ် - ၁၆/၇၅ ကို ချုပ်ဆိုခဲ့ကြပါသည်။

ထိုနေ့မှာပင် ဒေါ်ခင်ခင်အား ကျန်(၄)ဦးက အပြီးအပိုင်စွန့်လွှတ်ခြင်းမှတ်ပုံတင်စာချုပ်အမှတ် -၁၇/၇၅ဖြင့် စွန့်လွှတ်ပေးကမ်းခဲ့ကြပါသည်။

သို့ဖြစ်၍ မှတ်ပုံတင်စွန့်လွှတ်ခြင်းစာချုပ်အရ ဒေါ်ခင်ခင်တစ်ဦးတည်းပိုင်အဖြစ် တည်ရှိနေပြီး ဒေါ်ခင်ခင်ကွယ်လွန်သွားသဖြင့် ၎င်း၏သားသမီး(၅)ဦးက ဆက်လက်ပိုင်ဆိုင်လျက်ရှိပါသည်။ ဦးအောင်သန်း ညွှန်ကြားကြေညာသကဲ့သို့ စွန့်လွှတ်ထားသူဦးအောင်သန်းနှင့် ညီအစ်ကိုများပိုင် အမွေခွဲဝေခြင်းမပြုရသေးသည့် ဥပစာမဟုတ်ပါကြောင်း အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

**ကွယ်လွန်သူ ဒေါ်ခင်ခင်၏သားသမီးများ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဥမ္မာထွန်း (LL.B.,D.B.L) ဦးအောင်စိုးဝင်း (LL.B) ဒေါ်မင်းမင်းထိုက်(LL.B)**
**အထက်တန်းရှေ့နေများ**
**အမှတ်-၁၀/၁၂၊ အခန်း(၀၀၄/အေ)၊ ၃၅-လမ်း၊(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကွာရှင်းပြတ်စဲပြီးစီးပါကြောင်း

နေပြည်တော်နေ ဦးမြတ်စိုး [၉/မမန(နိုင်)၀၀၇၁၇၄]နှင့် လှည်းကူးမြို့နယ်၊ အင်းတိုင်ကျေးရွာနေ မဝါဝါဦး (ဆူးအလှပြုပြင်ရေး)တို့သည် ၁၇-၁၂-၂၀၁၃ရက်တွင် နှစ်ဦးသဘောတူ တရားဝင်ကွာရှင်းပြတ်စဲပြီးစီးပါကြောင်း။

**မဝါဝါဦး [၁၂/လကန(နိုင်)၁၄၀၁၈၂]**

**သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

KBZ BANK

# ကမ္ဘောဇဘဏ်လီမိတက် ၏ (၁၃၂)ဘဏ်မြောက်

# မျှားပုံဘဏ်ခွဲ ကို

ဧရာဝတီတိုင်းဒေသကြီး၊ မျှားပုံမြို့ တွင်

၂၄.၁၂.၂၀၁၃ (အင်္ဂါနေ့)၌ ဖွင့်လှစ်ပြီးဖြစ်ပါကြောင်းနှင့်

ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း

မိတ်ပြည်သူများအား သတင်းကောင်းပါးအပ်ပါသည်။

## သဒ္ဓါထက်သန် မြဲနိမာအားမာန် ကမ္ဘောဇဘဏ်

<u>ဆက်သွယ်ရန်လိပ်စာ</u>

**မျှားပုံဘဏ်ခွဲ**

အမှတ်(၆၄)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီး၊

အမှတ်(၅)ရွာလယ်ကျောင်းရပ်ကွက်၊ မျှားပုံမြို့၊ ဧရာဝတီတိုင်းဒေသကြီး။

ဖုန်း – (၀၄၅) ၄၀၃၈၀၊ ၄၀၃၈၂

ဖက်စ် – (၀၄၅) ၄၀၄၄၆၊ ၄၀၄၄၇

**www.kbzbank.com**

# ပထမအကြိမ် ဂေါ်ရခါးတက္ကသိုလ် ကျောင်းသား/သူဟောင်းများ တွေ့ဆုံပွဲဖိတ်ကြားလွှာ

မြန်မာနိုင်ငံလုံးဆိုင်ရာ ဂေါ်ရခါးတက္ကသိုလ် ကျောင်းသား/သူဟောင်းများ၏ ပထမအကြိမ်တွေ့ဆုံပွဲနှင့် ယဉ်ကျေးမှုပဒေသာကပွဲကို မန္တလေးမြို့၊ အမျိုးသားကဇာတ်ရုံတွင် ၂၀၁၄ခုနှစ်၊ ဇန်နဝါရီလ ၃ရက်နှင့် ၄ ရက်တို့တွင် ကျင်းပမည်ဖြစ်ပါသဖြင့် တက်ရောက်ချီးမြှင့်ပေးပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

မှတ်ချက်- (၁) တက်ရောက်မည့်သူများ ဇန်နဝါရီ ၁ ရက်မတိုင်မီ အောက်ပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်နိုင်ပါသည်။

(၂) တက္ကသိုလ်အသီးသီးတွင် ပညာသင်ကြားနေသောဂေါ်ရခါး ကျောင်းသား၊ ကျောင်းသူများလည်း လေ့လာရန်အတွက် တက်ရောက်နိုင်ပါသည်။

ဖုန်းနံပါတ် - ၀၉-၂၅၆၂၆၃၁၆၅၊ ၀၉-၄၃၁၂၂၅၄၀၊ ၀၉-၂၀၀၇၃၇၂

**ကျင်းပရေးကော်မတီ**

**ဂေါ်ရခါးပညာသင်ထောက်ပံ့ရေးအဖွဲ့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊မြေကွက်အမှတ်(၃၂၇/ခ)၊ မြေကွက်တည်နေရာအမှတ်(၃၂၇/ခ)၊ သုမန(၁)လမ်း၊ (၅)ရပ်ကွက်၊ သာကေတမြို့နယ်၊ (ဒေါ်ချို)အမည်ပေါက် နှစ်(၆၀) ဂရန်မြေအားအမည်ပေါက် ဒေါ်ချို[၁၂/သကတ(နိုင်)၀၂၀၂၄၀]မှ ဂရန်မူရင်း ပျောက်ဆုံးသဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**



## ပျောက်ဆုံး

ဒေါ်ရင်စင်ပိန်(ခ)အေးအေးဝင်း[၁၂/လမန(နိုင်)၁၂၀၉၃၂] ISP IDV8 13-14 0555 3/4/ 2013 ၏ IMPORT PERMIT မူရင်းများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဆက်သွယ်ပေးပါရန်။

**ဖုန်း-၀၉-၅၁၀၉၂၂၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အလုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၃E၊ မြေကွက်အမှတ်-V၂၀၅၊ မြေကွက်တည်နေရာအမှတ်(၂၇)၊ စက်တွင်းလမ်း၊ ဆင်မင်းရပ်ကွက်၊ အလုံ(ကိုစိုးမောင်)အမည်ပေါက် နှစ်(၉၀) မြေငှားဂရန်မြေအား အမည်ပေါက် ကိုစိုးမောင်ထံမှ အပိုင်ပေးစာချုပ်အမှတ် ၆/၂၃-၁-၁၉၈၆ ဖြင့် ပိုင်ဆိုင်လာသူ ဒေါ်အေးမှင်နှင့် ခင်ပွန်းဖြစ်သူ ဦးသိန်းလှိုင်တို့နှစ်ဦးစလုံးကွယ်လွန်သဖြင့် သားသမီးများဖြစ်သော ၁။ဦးသူရ[၁၂/အလန(နိုင်)၀၂၆၇၉၉]၊ ၂။ဦးဇေယျ[၁၂/အလန(နိုင်)၀၂၆၇၉၇]၊ ၃။ဒေါ်တင်တင်လတ်[၁၂/အလန(နိုင်)၀၂၆၇၉၈]၊ ၄။ဒေါ်တင်တင်ဦး[၁၂/အလန(နိုင်)၀၂၆၈၅၄]တို့မှ မှတ်ပုံတင်မိတ္တူ၊ သေစာရင်းမိတ္တူ၊ သားသမီးတော်စပ်ကြောင်းကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/အနော်မာ၊ မြေကွက်အမှတ်(၁၆၄၇/ခ)၊ မြေကွက်တည်နေရာအမှတ်(၁၆၄၇/ခ)၊ တိုးချဲ့(၂)လမ်း၊ ၁/အနော်မာရပ်ကွက်၊ သာကေတမြို့နယ်၊ (ဒေါ်တင်မြဒေါ်အမီးနား)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်တင်မြ(မိခင်)နှင့် ဦးကျင်မောင်(ဖခင်)တို့ကွယ်လွန်သဖြင့် ၎င်း၏အစုအတွက်သားသမီးများဖြစ်သော ဦးစိုးသိန်း[၁၂/မရက(နိုင်)၀၅၂၀၈၅]၊ဒေါ်အမာတင်[၁၂/သကတ(နိုင်)၁၀၉၇၁၇]တို့မှ ကျန်အမည်ပေါက် ဒေါ်အမီးနား(SRM-၀၆၈၀၉၀)တို့မှ ပူးတွဲ၍သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြပြီး ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁/ဗမာအေး၊ မြေကွက်အမှတ်-၄၆၄၊ မြေကွက်တည်နေရာအမှတ်(၄၆၄)၊ မင်းရဲကျော်စွာ(၁)လမ်း၊ ဗမာအေးရပ်ကွက်၊ ဒေါပုံမြို့နယ်၊ (ဦးတင်ရွှေ)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးတင်ရွှေ (ခင်ပွန်း)ကွယ်လွန်သဖြင့် ဒေါ်အုံးတင်[၁၂/ဒပန(နိုင်)၀၃၈၃၅၉]က တစ်ဦးတည်းသောဇနီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

အောက်ပါပုဂ္ဂိုလ်များသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲရေးဌာနသို့ ယှဉ်တွဲဖော်ပြပါ အကြောင်းအရာအတိုင်း လျှောက်ထားလာပါသည်။ သို့ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာတွင် ကြော်ငြာပါသည့်နေ့မှစ၍ (နှစ်ပတ်)အတွင်း ဤဌာနသို့ သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့် လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်-

| စဉ် | လျှောက်ထားသူ | | | လျှောက်ထားသည့် | | | | လျှောက်ထားသည့်အကြောင်းအရာ |
|---|---|---|---|---|---|---|---|---|
| | အမည် | မှတ်ပုံတင် | လိပ်စာ | မြို့နယ် | မြေတိုင်း | မြေကွက် | မြေအမည်ပေါက် | |
| | ဒေါ်ခင်စောမြင့် | [၁၃/လခန(နိုင်)၀၀၃၁၃၁] | အမှတ်(၇၉၅)၊ ရတနာလမ်း၊ သင်္ဃန်းကျွန်း | သင်္ဃန်းကျွန်း | ၃၂ | ၁၄/ခ | ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ | အထူးဂရန် |

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

# မြို့ရွာတစ်ခွင်သာစေချင် မီးတွင်မပေါ့နှင့်

## အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ အမှတ်(၂၁၆)၊ သီရိနန္ဒာ(၂၇)လမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ ဦးချစ်လှ[၁၂/ဥကတ(နိုင်)၀၆၆၂၇၁]အား ၂၂-၁၀-၂၀၁၃ရက်တွင်(ကန်ဘဲ့) စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၌လွှဲပေးထားသော အထွေထွေကိုယ်စားလှယ်လွှဲစာကို ယနေ့ ၂၁-၁၂-၂၀၁၃ရက်မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ပါကြောင်းနှင့်၎င်းအား ကျွန်တော်မှ မည်သည့်တာဝန်မျှ ပေးအပ်ထားခြင်းမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမြင့်အောင်**
**[၁၂/ဒဂမ(နိုင်)၀၃၈၂၉၂]**
**အမှတ်(၃၃)ရပ်ကွက်၊ ကန်တော်မင်္ဂလာလမ်း၊**
**ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ ရန်ကုန်မြို့**

## ပျောက်ဆုံးခြင်း

ကျွန်မ မနန်းအွေ[၁၃/ကတန(နိုင်)၁၃၀၈၇၈]ကိုင်ဆောင်သူ၏ ပတ်စပို့စာအုပ်(၆၉၀၁၂၅)သည် ပျောက်ဆုံးသွားပါ၍ တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၅၀၂၈၃၆၀**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

အောက်ပါပုဂ္ဂိုလ်များသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲရေးဌာနသို့ ယှဉ်တွဲဖော်ပြပါ အကြောင်းအရာအတိုင်း လျှောက်ထားလာပါသည်။ သို့ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာတွင် ကြော်ငြာပါသည့်နေ့မှစ၍ (နှစ်ပတ်)အတွင်း ဤဌာနသို့ သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့် လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်-

| စဉ် | လျှောက်ထားသူ | | | လျှောက်ထားသည့် | | | | လျှောက်ထားသည့်အကြောင်းအရာ |
|---|---|---|---|---|---|---|---|---|
| | အမည် | မှတ်ပုံတင် | လိပ်စာ | မြို့နယ် | မြေတိုင်း | မြေကွက် | မြေအမည်ပေါက် | |
| | ဦးစိုးနိုင် | [၁၄/မမန(နိုင်)၀၂၁၅၁၃] | အမှတ်(၇၉၈)၊ မြဝတ်ရည်လမ်း၊ သင်္ဃန်းကျွန်း | သင်္ဃန်းကျွန်း | ၃၂ | ၁၄/ခ | ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ | အထူးဂရန် |

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**



## ဒေါ်ရိုစီရောင်း[၁၂/ဗတထ(နိုင်)၀၂၄၈၅၉]၊ (MD) GP BATTERY INDUSTRIES PRIVATE LTD]နှင့် အများသိစေရန်

ကျွန်ုပ်၏မိတ်ဆွေတစ်ဦးဖြစ်သူ ဒေါ်တင်လတ်မင်း[၅/မရန(နိုင်)၀၁၂၇၅၉]၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

၂၀-၁၂-၂၀၁၀ရက်တွင် ရန်ကုန်မြို့၌ ဦးမောင်သိန်း၊ ဒေါ်ရိုစီရောင်း[၁၂/ဗတထ(နိုင်)၀၂၄၈၅၉] (MD) GP BATTERY INDUSTRIES PRIVATE LTD] နှင့် ဒေါ်တင်လတ်မင်းတို့က "ချေးငွေများအား လွှဲပြောင်းတာဝန်ယူပေးအပ်ခြင်းကတိစာချုပ်"ကို ပြုလုပ်ချုပ်ဆိုခဲ့ကြသော်လည်း ယင်းကတိစာချုပ်ပါ ချေးငွေများကို ဒေါ်ရိုစီရောင်းက ဒေါ်တင်လတ်မင်းသို့ အပြေအကျေလွှဲပြောင်းပေးအပ်ခဲ့ခြင်းမရှိပါ။

သို့ပါ၍ ဒေါ်တင်လတ်မင်းဘက်မှ ဒေါ်ရိုစီရောင်းသို့ ၂၀-၈-၂၀၁၃ရက်စွဲပါ"ဒေါ်ရိုစီရောင်းမှ ဒေါ်တင်လတ်မင်းသို့ လွှဲပြောင်းပေးအပ်ရန် တာဝန်ယူထားသည့် ချေးငွေများနှင့်ပတ်သက်၍ ဒေါ်ရိုစီရောင်းမှ လာရောက်တွေ့ဆုံ၍ ချေးငွေများအပြေအကျေပေးအပ်ရန်" အကြောင်းကြားစာအရ ဒေါ်ရိုစီရောင်းက ဒေါ်တင်လတ်မင်းထံ လာရောက်တွေ့ဆုံပြီး ဖော်ပြပါချေးငွေများကို ၁၈-၉-၂၀၁၃ရက်မှ၃၁-၁၂-၂၀၁၃ရက်အတွင်း၌ဒေါ်ရိုစီရောင်းက ဒေါ်တင်လတ်မင်းသို့ မပျက်မကွက်အပြေအကျေပေးဆပ်ပါမည်ဟူသော ဝန်ခံကတိဖြင့် ဒေါ်ရိုစီရောင်း[၁၂/ဗတထ(နိုင်)၀၂၄၈၅၉] (MD) G P BATTERY INDUSTRIES PRIVATE LTD]နှင့်ဒေါ်တင်လတ်မင်းတို့သည် ၁၈-၉-၂၀၁၃ရက်၌ "ချေးငွေများအား လွှဲပြောင်းတာဝန်ယူပေးအပ်ခြင်းကတိစာချုပ်"ကို ထပ်မံချုပ်ဆိုခဲ့ကြပါသည်။ ယင်းကတိစာချုပ်ပါ လအလိုက် ပေးဆပ်ရန်ငွေများကို ဒေါ်ရိုစီရောင်းက ဒေါ်တင်လတ်မင်းသို့ ပြည့်စုံစွာ ပေးဆပ်ခြင်းမရှိခဲ့ပါ။

သို့ပါ၍ ၁၈-၉-၂၀၁၃ရက်စွဲပါ "ချေးငွေများအား လွှဲပြောင်းတာဝန်ယူပေးအပ်ခြင်းကတိစာချုပ်"ပါပေးဆပ်ရန်ကျန်ငွေများကို ဝန်ခံကတိနှင့်အညီ ၃၁-၁၂-၂၀၁၃ရက်နေ့စေ့ကုန်ချိန်အတွင်း၌ ဒေါ်ရိုစီရောင်းက ဒေါ်တင်လတ်မင်းသို့ အပြေအကျေပေးဆပ်ပါရန်နှင့် ပျက်ကွက်ပါက ဥပဒေနှင့်အညီ တရားစွဲဆိုရန် ညွှန်ကြားချက်များရရှိထားပြီးဖြစ်ပါကြောင်း ဒေါ်ရိုစီရောင်း[၁၂/ဗတထ(နိုင်)၀၂၄၈၅၉](MD) G P BATTERY INDUSTRIES PRIVATE LTD]+ ပတ်သက်ဆက်နွှယ်သူများနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးသန်းအေး (B.Ag.,H.G.P)**
**အထက်တန်းရှေ့နေ(စဉ်-၁၂၅၉၅)**
**အမှတ်(၅၀)၊ အခန်း(A/5)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇/ရွှေ၊ မြေကွက်အမှတ်-၉၉၄ ၁၁/၂၊ မြေကွက်တည်နေရာအမှတ်(၉၉၄ ၁၁/၂)၊ အောင်သပြေ(၁၂)လမ်း၊ (၇)ရပ်ကွက်၊ သာကေတမြို့နယ်၊ (ဦးသန်းမောင်)အမည်ပေါက်နှစ်(၆၀)ဂရန်မြေအားအမည်ပေါက် ဦးသန်းမောင်(ခင်ပွန်း)ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်တင်ကြည် [၁၂/သကတ(နိုင်)၁၁၄၁၄၇]မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်မြေပုံကူး လျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဦးဇော်ဝင်းမြ၏ညွှန်ကြားချက်အရ ၎င်း၏ရှေ့နေမှ ၂၇-၁၁-၂၀၁၃ရက်ထုတ်မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ(၁၂)တွင် ပါရှိသော "ဦးခင်မောင်ထွန်း၊ ဦးစိုးဝင်းမြ၊ ဒေါ်ခင်ချိုမြ(ခ)ဒေါ်ချိုချိုမြ၊ ဒေါ်သီသီမြတို့နှင့် အများသိစေရန် ကြေညာခြင်း"ခေါင်းစီးပါ ကြော်ငြာအား ကန့်ကွက်တားမြစ်ကြောင်း အများသိသာရန်ပြန်လည်ကြေညာခြင်း

ဦးဇော်ဝင်းမြ၏ကြေညာချက်ပါပစ္စည်း(၁၇)မျိုးအနက်မှ အောက်ဖော်ပြပါပစ္စည်း(၈)မျိုးသာလျှင် အဖဦးမြမောင်(ကွယ်လွန်)နှင့် အမိဒေါ်သန်းသန်း(ကွယ်လွန်)တို့၏ ကျန်ရစ်ခဲ့သောအမွေပုံပစ္စည်းဖြစ်ပါသည်။

(၁) ညောင်ဦးမြို့ရှိ မေခလာတည်းခိုခန်း
(၂) ညောင်ဦးမြို့ရှိ သစ်၊ ဝါးလုပ်ငန်း
(၃) ညောင်ဦးမြို့၊ မြို့မကွက်သစ်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသောနှစ်ထပ်တိုက်(၁)လုံး
(၄) ညောင်ဦးမြို့၊ မြို့မကွက်သစ်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသောသစ်စက်(၁)လုံး
(၅) ညောင်ဦးမြို့နယ်၊ မြို့မကွက်သစ်ရှိသစ်စက်နှင့်ကပ်လျက် မြေကွက်(၁)ကွက်
(၆) ညောင်ဦးမြို့နယ်၊ မြို့မကွက်သစ်ရှိသစ်စက်နှင့်ကပ်လျက် မြေကွက်(၂)ကွက်အနက်မှ မြေတိုင်းရပ်ကွက်-(၁၁)၊ ဦးပိုင်(၅၈) (၀. ၀၅၈)ဧကမြေနှင့်မြေပေါ်ရှိ ဂိုဒေါင်(၁)လုံး
(၇) ညောင်ဦးမြို့၊ မြို့မကွက်သစ်ရှိမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော တစ်ထပ်တိုက်(၁)လုံး
(၈) ညောင်ဦးမြို့၊ မကျည်းတောရပ်ရှိမြေကွက်(၁)ကွက်စသည့်ပစ္စည်းများသာဖြစ်ပါသည်။

၎င်း၏ကြေညာချက်ပါကျန်ပစ္စည်းများသည် ကွယ်လွန်သူမိဘများနှင့်မသက်ဆိုင်ဘဲ ပိုင်ရှင်အဖြစ်အမည်ပေါက်လျက်ရှိနေသူအသီးသီး၏ တရားဝင်ပိုင်ဆိုင်အကျိုးခံစားလျက်ရှိနေကြသောပစ္စည်းများဖြစ်ပါသည်။

သို့ဖြစ်၍ အထက်ဖော်ပြပါ မိဘများကျန်ရစ်သည့်ပစ္စည်း(၈)မျိုးမှအပ၊ သီးသန့်ပုဂ္ဂလိကအမည်ပေါက်ပိုင်ဆိုင်အကျိုးခံစားလျက်ရှိနေကြသူများ၏ ပစ္စည်းများကိုဦးဇော်ဝင်းမြက အမွေပစ္စည်းများအဖြစ် ဖော်ပြကြေညာခြင်းအား၊ ပြင်းထန်စွာကန့်ကွက်လိုက်ပါသည်။ အမွေဆိုင်မဟုတ်သည့်ပစ္စည်းများအား မိဘကျန်ရစ်သောအမွေပစ္စည်းအဖြစ် အများသူငါ ထင်ယောင်ထင်မှားဖြစ်စေရန် မမှန်မကန်ကြေညာနှောင့်ယှက်မှုမျိုးကို ဆက်လက်၍ ထပ်မံကျူးလွန်မည်ဆိုပါက ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူရလိမ့်မည်ဖြစ်ကြောင်း သတိပေးတားမြစ်အပ်ပါသည်။

**ဦးခင်မောင်ထွန်း၊ ဦးစိုးဝင်းမြ၊ ဒေါ်ခင်ချိုမြ(ခ)ဒေါ်ချိုချိုမြနှင့်**
**ဒေါ်သီသီမြတို့၏လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးမျိုးဟန်** **ဦးလှမင်း** **ဒေါ်ခင်မာလာကြည်**
**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်-၁၉၆(ပထပ်)၊ (၃၃)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်(၁၀)ရပ်ကွက်၊ ဓမ္မာရုံလမ်း၊ အမှတ်(၆၂၈)နေ ဦးအောင်မြင့်[၁၂/လမန(နိုင်)၀၆၂၄၅၉]-ဒေါ်ပဲ(ခ)ဒေါ်ခင်အေးချို[၁၂/လမန(နိုင်)၁၂၁၉၇၀]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ဦးအောင်မြင့်-ဒေါ်ပဲ(ခ)ဒေါ်ခင်အေးချိုတို့၏သားအရင်းဖြစ်သူ မောင်အောင်မျိုး[၁၂/လမန(နိုင်)၀၀၄၂၄၉]သည်မိဘနှစ်ပါး၏ ဆိုဆုံးမမှုကိုလိုက်နာခြင်းမရှိဘဲ စိတ်ဆင်းရဲခြင်းကြီးစွာ ခံစားရအောင် ပြုမူဆောင်ရွက်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ မောင်အောင်မျိုးနှင့်ပတ်သက်သမျှကိစ္စအဝဝကို လုံးဝတာဝန်မယူပါကြောင်း ကြေညာအပ်ပါသည် (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**ဦးအောင်မြင့်-ဒေါ်ခင်အေးချိုတို့၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မာလာ LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၂၀)**
**တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်၊**
**ဖုန်း-၀၉-၅၁၈၁၈၂၀**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဒဂုံတောင်၊ (၅၄)ရပ်ကွက်၊ ခ/၁၀၈၀၊ အေးရိပ်မြိုင်လမ်းနေ ကျွန်တော်၏သားဖြစ်သူ မိုဟာမက်ယူနွတ်(စ်)(ခ)မောင်ဇော်ဝင်းနိုင်သည် မိဘများအပေါ် စိတ်ဆင်းရဲအောင် ရိုင်းစိုင်းမှုအမျိုးမျိုးပြုမူဆောင်ရွက်နေပါသဖြင့် အမွေစားအမွေခံသားအဖြစ်မှ အပြီးအပိုင် စွန့်လွှတ်လိုက်ပါကြောင်း။ ၎င်းနှင့်ပတ်သက်၍ ဖြစ်ပေါ်လာသော ပြဿနာအရှုပ်အရှင်းများကို မိမိနှင့်မသက်ဆိုင်တော့ပါသဖြင့် တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**ဖခင်-ဦးအောင်နိုင်**
**[၁၂/ဗတထ(နိုင်)၀၂၅၆၄၄]**
**မိခင်-ဒေါ်ယဉ်ယဉ်လှ**
**[၁၂/သဃက(နိုင်)၁၃၄၄၅၆]**